

# ကျော်အောင်

# ဟောင်ကောင်နွေဦးညများ



ဒုတိယအကြိမ်

# စာရေးသူအမှာ

'ဟောင်ကောင် နွေဦးညများ 'သည် ဟောင်ကောင်ခရီးကို အကြောင်းပြု၍ ရေးသားသည့် ခရီးသွားမှတ်တမ်း ဖြစ်ပါသည် ။

၁၉၈၄ တွင် ပညာရေးဝန်ကြီးဌာနက ကလေးသူငယ်များ ဗဟု သုတ တိုးပွားစေရန် စာအုပ် ၁၀ အုပ် ပါဝင်သော 'ကလေးသူငယ်များ အ တွက် ရတနာသိုက်' ရောင်စုံ စွယ်စုံကျမ်းတစ်စုံ ထုတ်ဝေရန် စီစဉ်ပါသ ည် ။

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အဆင့်မြင့်ပညာဦးစီးဌာနက ထိုစာအုပ်များ ဘာသာပြန်ခြင်း၊ တည်းဖြတ်ခြင်း၊ ပုံနှိပ်ခြင်းတို့ ကို တာ ဝန်ယူ ရပါသည် ။ ပုံနှိပ်ခြင်းလုပ်ငန်းတွင် မူ ဟောင်ကောင်မြို့ တိုင်းလို က်ဖ်စာအုပ် ကုမ္ပဏီနှင့် ပူးတွဲကာ ဟောင်ကောင်မြို့၌ ပုံနှိပ်ရန် စီစဉ်ပါ သည် ။

အဆင့်မြင့်ပညာဦးစီးဌာနနှင့် တွဲလျက်ရှိသည့် တက္ကသိုလ်ဘာသာ ပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနသည် ဤစာအုပ်များ ပုံနှိပ်ထုတ်ဝေး ရေး တွင် အများ ဆုံး တာဝန်ယူ ဆောင်ရွက်ရပါသည် ။ ကျွန်တော်သည် ထိုဌာန ၏ စတည်းမှူးအဖြစ် ထိုလုပ်ငန်းအကောင်အထည်ပေါ်အောင် ပါဝင်ဆောင် ရွက်ရပါသည် ။

၁၉၈၄ ဇွန် ၁ တွင် ကျွန်တော်နှင့် ကိုစိုးမြင့်(တက္ကသိုလ်များ ပုံနှိပ်တို

က် မန်နေဂျာ)တို့ ဟောင်ကောင်မြို့သို့ သွားရောက်ကြပြီး 'သုတ ရတနာ သိုက်' ကို အကောင်အထည်ဖော်ကြပါသည် ။ ယခု ရေးသားထုတ်ဝေ လိုက်သည့် 'ဟောင်ကောင် နွေဦးညများ ' သည် 'သုတ ရတနာသိုက်' ကို မည်သို့ အကောင်အထည်ဖော်ရပုံကို ဖော်ပြသည့် မှတ်တမ်းတစ်ခု ဖြစ်ပါသည် ။

မူလက ဟောင်ကောင်သို့ ကျွန်တော်တို့ သွားကြမည့် အခါတိုင်း လိုက်ဖ်၏ အာရှမန်နေဂျာ ဗက်ဆီအောင်က ဟောင်ကောင်ကို နှစ်ပတ် အလည်လာရန် တိုင်းလိုက်ဖ် စာအုပ်ကုမ္ပဏီက ဖိတ်ခေါ်ပါသည် ဟု ဆိုပါသည် ။ ကျွန်တော်တို့ လည်း သူ ဖိတ်ခေါ်သည့် အတိုင်း ဟောင်ကောင်မြို့မှာ နှစ်ပတ်လောက် ပျော်ပျော်ပါးပါး လည်လိုက်ပတ်လိုက်မည်ဟု အားခဲကာ ခရီးထွက်ခဲ့ကြပါသည် ။ ဟောင်ကောင်ရောက်ပြီး နောက်တစ်ရက်မှ အစပြု ကာ နွေည မနားကြရတော့ပါ။ ကျွန်တော်နှင့် အတူ ပါလာသည့် ကိုစိုးမြင့် နေမကောင်းသဖြင့် ရန်ကုန် ပြန်သွားသည့် အခါ ကျွန်တော့်မှာ နေ့ရောညပါ မအားလပ်တော့ပါ။ ဟောင်ကောင်ကျွန်းဘက် အဗာဒင်းရပ်ကွက်၌ ပုံနှိပ်တိုက် တစ်ခု၊ ရေလက်ကြားတစ်ဖက် ကောင်လွန်းဒေသ ကွန်းထုန်ရပ်ကွက်၌ ပုံနှိတိုက်တစ်ခု ထိုပုံနှိပ်တိုက်နှစ်ခုသို့ နေ့တစ်ခေါက် ညတစ်ခေါက် သွားရ ပါသည် ။ ရောင်စုံ စက်ပရုများကို ရိုက်မိန့်ပေးရပါသည် ။ နေ့အခါ ကူးရ သန်းရ လွယ်ကူသော်လည်း ညအခါ မလွယ်ကူပါ။

ဟောင်ကောင် နွေဦးညများ တွင် ကျွန်တော် ကောင်းကောင်း မအိပ်ခဲ့ရပါ။ ည ၁၀ နာရီ၊ ၁၁ နာရီ၊ ၁၂ နာရီ၊ နောက်တစ်နေ့ကူးပြီး သန်းခေါင်ကျော် ၁ နာရီ၊ ၂ နာရီ၊ ၃ နာရီ၊ နံနက်လင်းအားကြီး ၄ နာရီ၊ ၅ နာရီ၊ ၆ နာရီတို့ ၌ ပုံနှိပ်တိုက်များ သို့ သွားရပါသည် ။

ကျွန်တော် ပြန်မည့် အခါ ဇွန် ၂၉ တွင် ကျွန်တော့်အား နှုတ်ဆက် ထမင်းစားပွဲတစ်ခုကို တိုင်းလိုက်ဖ် ထုတ်လုပ်ရေး မန်နေဂျာ တော်မီအင်း က တည်ခင်းကျွေးမွေးပါသည် ။ ထမင်းစားပွဲ၌ ကျွန်တော်က ရန်ကုန် ပြန်ရောက်လျှင် ခရီးသွားဆောင်းပါးတစ်ခု ရေးမည်ဖြစ်ကြောင်း ပြောပြပါသည် ။ တော်မီအင်းက ဘာနာမည်နဲ့ လဲဟု မေးရာ ကျွန်တော်က 'အိပ်မပျော် သော ဟောင်ကောင်ညွှေဦးညများ ' ဟု ပြောပြခဲ့ပါသည် ။ ဤခရီးသွားမှတ် တမ်းသည် အဓိကအားဖြင့် ကျွန်တော် ကျင်လည်ခဲ့သည့် ဟောင်ကောင်ညများကို အရင်းအတိုင်း ဖော်ပြထားခြင်း ဖြစ်ပါသည် ။ ကျွန်တော် ကြုံခဲ့ရသည့် ဟောင်ကောင်ညများမှာ ရင်ခုန်စရာ မကောင်းပါ။ ပျော်စရာ မကောင်းပါ။ လူခြေတိတ်ချိန်တွင် တက္ကစီ ဒရိုင်ဘာက ဓားထောက် လုသွားမည်လား။ အလစ်သုတ် သွားမည်လား။ ပြန်ပေးဆွဲသွားမည်လား။ အရက်မူးသမား ဘိန်းဖြူသမားများက ရန်မူလေမည်လား ဟူ၍ တထိတ်ထိတ် ကူးသန်း သွားလာရသည့် ညများ ဖြစ်ပါသည် ။ ဟောင်ကောင်တစ်မြို့လုံး အိပ်မော ကျနေစဉ် ကျွန်တော်သည် ကားတစ်စီးဖြင့် ဟောင်ကောင်ကျွန်းကို အလျား လိုက် ဖြတ်ပါသည် ။ အနံလိုက် ဖြတ်ပါသည် ။ ဟောင်ကောင် ရေလက်ကြား ကို ပင်လယ်အောက် ဥမင်မှ ကူးဖြတ်ကာ ကွန်းထုန်သို့ ခြေဆန့်ပါသည် ။ ဟောင်ကောင်မြို့ကြီး အိပ်ပျော်နေသော်လည်း ကျွန်တော် အိပ်မပျော်ခဲ့ပါ။

ကျွန်တော် တာဝန်ယူ ဆောင်ရွက်ရသည့် လုပ်ငန်းပြီးဆုံးကာ 'သုတရတနာသိုက်' စာအုပ်များ ထွက်လာသည့် အခါ ဝမ်းသာပီတိ ဖြစ်မိ ပါသည် ။ ပြည်ထောင်စုသားများ အတွက် ပညာကုသိုလ်ပြုရာတွင် ပါဝင်ရ သဖြင့် ကြည်နူးမိပါသည် ။

သို့ဖြစ်လျှင် ထိုကုသိုလ်ကို သာဓုခေါ်ရန် ကျွန်တော် မျှဝေချင်ပါ သည် ။ ယခု... ကျွန်တော်နှင့် အတူ စာဖတ်သူအား ဟောင်ကောင်သို့ ခေတ္တ

ခဏ ခေါ်သွားပါရစေ။ လိုက်မည် မဟုတ်ပါလား စာဖတ်သူ ခင်ဗျား။

**ကျော်အောင်**<br>
**၇၉၊ အင်းလျားလမ်း**<br>
**ရန်ကုန်မြို့**<br>
**၈၊ ၂၊ ၈၈**

***

(၁)

ပထမအကြိမ်မှာ ၁၉၇၇ ဆောင်းဦးပေါက်က ဖြစ်သည် ။ တိုကျိုမှ အပြန် ခရီးတစ်ထောက် ဝင်ကာ ဟောင်ကောင်တွင် နှစ်ရက် နားခဲ့ သည် ။ သည် တုန်းက ဟောင်ကောင်သို့ နေ့လယ်တွင် ရောက်သည် ။ နှစ်ရက်နေပြီး ပြန်လာခဲ့ရသည် ။ လည်ခွင့်၊ ပတ်ခွင့်၊ ကြည့်ရှုခွင့် မရှိ။ ကိုယ်တည်းသည့် နေရာ ပတ်ဝန်းကျင်တွင် သာ ဟို မော့မော့ သည် မော့မော့ လုပ်ခဲ့ရသည် ။

ယခုမူ ဟောင်ကောင်သို့ ညတွင် ရောက်သည် ။ ဟောင်ကောင်မှာ ပင် ညပေါင်းသုံးဆယ် ကုန်လွန်ခဲ့ရသည် ။ ဟောင်ကောင် ညများ နှင့် ပွန်းပွန်း တီးတီး ရင်းနှီးခဲ့ရသည် ။

ယခု အကြိမ်မှာ နိုင်ငံခြားသို့ ခရီးထွက်ရသည် ဒုတိယအကြိမ် ဖြစ်လေသည် ။ ပထမ တစ်ခေါက် ဂျပန်သို့ သွားစဉ်ကမူ ခရီးဖော်မပါ။ ယခုကား ခရီးဖော် ပါသည် ။ တိုင်ပင်ဖော် တိုင်ပင်ဖက်ပါသည် ။

၁၉၈၄၊ ဇွန် ၁၊ သောကြာနေ့။

ဘန်ကောက်မြို့ ဒွန်မောင်း လေယာဉ်ကွင်းက ထွက်တော့ မှောင် ရီပျိုးနေပြီ။ ဘန်ကောက် စံတော်ချိန် ၆း၄၅ နာရီတွင် ထွက်ပြီး ဟောင်ကောင်သို့ ည ၁၀း၂၅ နာရီတွင် ရောက်မည် ဖြစ်သည် ။ ဟောင်ကောင် စံတော်ချိန် ၁၁း၂၅ နာရီ ဖြစ်လေသည် ။

ဘန်ကောက် ဒုန်မောင်း လေယာဉ်ကွင်းတွင် ယောင်ချာချာ မဖြစ်တော့။ ပထမ ခရီးတုန်းက အသွား အပြန် ကျင်လည်ခဲ့ဖူးပြီဖြစ်သဖြင့် အစစ ချောမောနေသည် ။

'အင်း၊ ဘန်ကောက်က ထွက်တော့မှ နားရမှာ ပဲ၊ တီဂျီ ၆၀၂ ကိုတော့ မျက်ခြည်မပြတ်စေနဲ့ ဗျို့။ ဂိတ်နား သွားနေရရင် ကောင်းမယ်'

သည် တစ်ကြိမ်တွင် ကျွန်တော့် ခရီးဖော်မှာ တက္ကသိုလ်များ ပုံနှိပ်တိုက် မန်နေဂျာ ကိုစိုးမြင့် ဖြစ်သည် ။ သူ့ကို သတိပေးရသည် ။ သူကလည်း အရှေ့သို့ နှစ်ကြိမ် သုံးကြိမ် ခရီးထွက်ဖူးသူ ဖြစ်သဖြင့် ဒုန်မောင်းလေ ယာဉ်ကွင်း အတွေ့အကြုံရှိသူ ဖြစ်သည် ။

ထိုင်း လေယာဉ်ရုံးခန်းသည် လေယာဉ်ကွင်း တစ်နေရာတွင် တခမ်းတနား နေရာယူထားသည် ။ ယင်း စခန်းက မခွာဖို့ အရေးကြီး သည် ။ သို့သော် ကျွန်တော်တို့ မှာ အချိန်ရသည် ။ ဒုန်မောင်းလေဆိပ် သည် အဝင်အထွက် ခရီးစဉ်များကို အသံချဲ့စက်ဖြင့် ကြေညာသည် ။ 'တီဗွီမှန်ကား' တွင် လည်း အဝင်အထွက် လေယာဉ်ခရီးစဉ်တို့ တစ်ခုပြီး တစ်ခု ညွှန်ပြနေသည် ။

'မောတယ် ဦးကျော်အောင်၊ ဘီယာ သောက်ကြရအောင်'

ကိုစိုးမြင့်က အဖော် ညှိသည် ။

ဒုန်မောင်း ကွင်းထဲမှာ ဘီယာ ဈေးကြီးသည် ။ သံဘူးလေး တစ်ဘူးကို အမေရိကန် တစ်ဒေါ်လာခွဲနီးပါး ပေးရသည် ။ မြန်မာငွေ ၁၂ ကျပ်ခန့်။

'မဖြစ်သေးဘူး ဗျို့၊ အချိန်လည်း နီးနေပြီ၊ လေယာဉ်ပေါ်ရောက်မှ ကျကျနန အပန်းဖြေကြမယ်၊ တစ်နေကုန် မောလိုက်တာ လွန်ရောဗျာ'

ကိုစိုးမြင့်က ပြုံးသည် ။ ကျွန်တော့်ထက် သူက ပိုပြီးမောသည် ။

'အာမခံရုံး တက်ရတာ အမောဆုံးပဲဗျာ၊ နိုင်ငံခြား ငွေလဲဘဏ်ကလ ည်း ဓာတ်လှေကား မရှိတော့ လူကို ဟိုက်နေတာပဲ'

ကိုစိုးမြင့်က ဆိုသည် ။

ဟုတ်သည် ။ နေ့လယ် ၁၂ နာရီလောက်တွင် အသက်အာမခံ အတွ က် ကုန်သည် လမ်းရှိ အာမခံရုံးရှိရာ လေးထပ်သို့ တက်ရသည် ။ အသ က်အာမခံ မထားလို့ လည်း မဖြစ်။ လေယာဉ်ပျံ ပျက်ကျပြီး ကိုယ် သေ သွားလျှင် အိမ်က မိန်းမအဖို့ အသက်အာမခံ လျော်ကြေးလေးနှင့် ဆို တော့ တခမ်းတနား မုဆိုးမ ဖြစ်နိုင်သည် မဟုတ်လား။

သည် နေ့က အပင်ပန်းဆုံးနေ့ ဖြစ်သည် ။ မနက် ၉ နာရီတွင် ဟော င်ကောင် ဗီဇာရသည် ။ သို့တိုင်အောင် လေယာဉ် လက်မှတ်က လက်ဝ ယ် မရောက်သေး။ မနေ့က ညနေပိုင်းတွင် ဟောင်ကောင်မှ တဲ လက်သံကြိုး ဝင်သည် ။ ဇွန် ၁ တွင် ထိုင်း၊ လေကြောင်းဖြင့် ဟောင် ကောင် အရောက်လိုက်ခဲ့ရန် လက်မှတ်များ ပို့လိုက်ပြီဟု ဆိုသည် ။ သူ တို့ အစီ အစဉ်မှာ တိကျ သေချာသည် ။ ကျွန်တော်တို့ လက်ဝယ်သို့မူ လ က်မှတ် မရောက်သေး။

ဟောင်ကောင်သို့ ကလေးသူငယ်များ ၏ သုတရတနာသိုက် စာအုပ် ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းအတွက် ကျွန်တော်နှင့် ကိုစိုးမြင့် သွားရမည် ဖြစ်ကြောင်း အင်္ဂါနေ့ ညနေပိုင်းတွင် မှ သိရသည် ။ ဗုဒ္ဓဟူး၊ ကြာသပ တေး နှစ်ရက်သာ ပြင်ဆင်ချိန်ရသည် ။ အင်္ကျီဘောင်းဘီပင် မချုပ်နိုင်။ တက် သုတ် နှင်ရသည် ။ ကျွန်တော်မှာ နက်ကတိုင် လည်စည်း စည်းတ တ်အောင် လေ့ကျင့်ချိန်ပင် မရ။ ကိုစိုးမြင့်က လည်စည်းကို အဆင်သင့် စွပ်နိုင်အောင် ကွင်းကလေး လုပ်ပေးသွားသည် ။ လေယာဉ်ကွင်း ဆင်း

ခါနီးကျမှ အမော တကော လည်စည်း စွပ်ကြည့်ရသည် ။ လွန်ခဲ့သည့် ခုနစ်နှစ်က ချုပ်ခဲ့သည့် ဘောင်းဘီမှာ တော်သေးသဖြင့် အဆင်ပြေသည် ။ ဟောင်ကောင်ရောက်မှ ပဲ ဘောင်းဘီ ထပ်ဝယ်တော့မည်။

မူလက အစီအစဉ်မှာ စနေ တနင်္ဂနွေ လောက် သွားရန် ဖြစ် သည် ။ သို့သော်လည်း ဟောင်ကောင်က ပုဂ္ဂိုလ်များက လောနေသဖြင့် သောကြာနေ့မှာ ပဲ ကတိုက်ကရိုက် ထွက်ခဲ့ကြရသည် ။ ထိုနေ့က ၁၂ နာရီခွဲမှ ကိစ္စအဝဝ ပြီးသည် ။ သုံးနာရီခွဲတွင် မင်္ဂလာ ဒုံမှ ထွက်ကာ ၄း၁၅ တွင် ဘန်ကောက် ဒုန်မောင်း လေဆိပ်သို့ ရောက်သည် ။ ခဏနားကာ ဘီယာ သောက်သည် ။ ဟောင်ကောင်သို့ သွားမည့် သူများမှာ ကျွန်တော် တို့ နှစ်ယောက်တည်းသာ။ စောစောက ဘီအေစီ ပေါ်တွင် ပါလာသူတို့ သည် အခြား လေကြောင်းတို့ ဖြင့် အနောက်သို့ ခရီးဆက်ကြသည် ။

ကျွန်တော်တို့ ကား တီဂျီ ၆၀၂ ဖြင့် ဟောင်ကောင်ခရီး ဆက်ကြရမည်။ လေယာဉ်ပေါ် ရောက်မှ ပဲ ကျကျနန အပန်းဖြေမည်။ ဘီယာမော့ မည်။

ဘီအေစီပေါ်မှာ တုန်းက ကောင်းကောင်း မစားနိုင်။ ထိုင်း အဲယားလိုင်း (ခေါ်) ထိုင်းလေကြောင်းသည် အာရှတွင် တစ်နေ့တခြား နာမည်ရလာသည့် လေကြောင်း ကုမ္ပဏီတစ်ခုဖြစ်သည် ။ အကျွေးအမွေး ရက်ရောသည် ဟု နာမည်ရသည် ။ လေယာဉ်ပေါ်အတက်တွင် ကိုစိုးမြင့်က ဦးဆောင်သည် ။ ကျွန်တော်က နောက်က လိုက်သွားသည် ။ လေယာဉ်မယ်က လက်နှစ်ဖက်ယှက်ကာ 'ဆဝါဒီး' ဟု ကြိုဆိုသည် ။ ယင်းမှာ ကြိုဆို ပါတယ် ဟူ၍ နှုတ်ခွန်းဆက်ခြင်းဖြစ်သည် ။ ဘန်ကောက်နှင့် တီဂျီသည် ဩ့ဝတ်ကျေပွန်သည် ။

ဘန်ကောက် ဒုန်မောင်း လေဆိပ်သည် လေယာဉ်အတက်အဆင်း အလွန်များ သည့် လေဆိပ်ဖြစ်သည် ။ အရှေ့သို့သွားသည့် လေယာဉ်များ ၊ အနောက်သို့ သွားသည့် လေယာဉ်များ အတွက် နေ့လယ်စာ၊ ညစာ အစားအသောက်များကို ထိုင်း နိုင်ငံက ကန်ထရိုက်ယူကာ သွင်းသည် ။ လေယာဉ်ပေါ်တွင် ကျွန်တော်တို့ စားသည့် သား ငါး အသီးအရွက်တို့ မှာ ထိုင်းနိုင်ငံထွက် ပစ္စည်းများ ဖြစ်သည် ။ ထိုလုပ်ငန်းကပင် နိုင်ငံခြားငွေ စို့စို့ပို့ပို့ ရသည့် အမြတ်အစွန်းများ သည့် လုပ်ငန်းတစ်ခု ဖြစ်လာသည် ။ ထိုင်းနိုင်ငံ သို့ နိုင်ငံခြားဧည့်သည် ပေါင်း လွန်ခဲ့သည့် နှစ်က ၂ သန်းလာရောက်လည်ပတ် ကြသည် ။ ကမ္ဘာလှည့် ခရီးသည် များသည် ဧည့်ဝတ်ကျေသော၊ အပြုအစု ကောင်းသော ထိုင်းပျိုဖြူတို့ ကို တသသ စွဲလမ်းကြသည် ဟု ဆိုသည် ။ လွန်ခဲ့သည့် ၁၉၇၅ ကျော် ကာလများ တွင် ဂျာမန်ဧည့်သည် တို့ အများ ဆုံးရောက် လာကြသည် ဟု ဆိုသည် ။ ၁၉၇၆တွင် ဒုန်မောင်းလေဆိပ်သို့ ကမ္ဘာလှည့် ခရီးသည် ၂ဒသမ ၇ သန်းဝင်သည် ။ ပျမ်းမျှအားဖြင့် ဒုန်မောင်း လေဆိပ် တွင် တစ်နေ့လျှင် လေယာဉ်ပျံ အဆင်း အတက် အကြိမ် ၁၄၀ ရှိသည် ။ ကုန်ပစ္စည်းတင် စင်းလုံးငှား ချာတာလေယာဉ်ပေါင်း ၃၇ စီး ရပ်နားပြီး လေကြောင်း ကုမ္ပဏီ ၃၆ ခု၏ ခရီးသည် တင် လေယာဉ်များ ရပ်နား သည် ။

ဘန်ကောက်သည် အရှေ့တောင် အာရှတွင် ကုလသမဂ္ဂ အဖွဲ့ခွဲများ ရုံးစိုက်ရာဒေသ ဖြစ်သည် ။ အင်ဒိုချိုင်းနားဒေသ စစ်ပွဲကြောင့် အနောက်အုပ်စု အထူးသဖြင့် အမေရိကန်အုပ်စု အဝင်အထွက် လုပ်ရာဒေသဖြစ်လာသည် ။ သို့ဖြစ်ရာ တစ်နေ့တခြား စည်ကားလာသည် ။

လေဆိပ်နှင့် မြို့ထဲ အသွား အလာမှာ ၁၉၇၇ လောက်ကမူ ကားတန်းကြီး အတော် ရှည်သည် ။ မြို့ထဲမှ လေဆိပ်သို့

ဆင်းမည်ဆိုလျှင် တစ်နာရီ အချိန်ပိုယူရသည် ။ သို့မှ အချိန်မီရောက်မည်။ ယခုမူ လမ်းသစ်များ ၊ မိုးပျံလမ်းမကြီးများ ဖောက်ပြီးနေပြီဖြစ်ရာ မြို့ထဲနှင့် လေဆိပ် အသွားအလာ လွယ်ကူ လာပြီဟု ဆိုသည် ။ သို့တိုင်အောင် ရုံးတက် ရုံးဆင်း ချိန်တွင် အဆင်မသင့်လျှင် ကားတန်းကြီးများ ပိတ်ဆို့နေတတ်သည် ။

ယခု တစ်ခေါက်တွင် မူ ဘန်ကောက် မြို့ထဲသို့ ကျွန်တော်တို့ ရောက်ရန် မလွယ်လှပါ။ အပြန်ခရီးတွင် ကား အဆင်သင့်လျှင် ရပ်နား ဖြစ်မည်ဟု မျှော်လင့်မိသည် ။

လေယာဉ်တက်၍ ခဏကြာလျှင် ထုံးစံအတိုင်း လေယာဉ်မှူး နာမည်၊ ပျံသန်းချိန်တို့ ကို ကြေညာသည် ။ ဘန်ကောက်နှင့် ဟောင်ကောင်မှာ ၁၀၆၃ မိုင် ဝေးပြီး ပျံသန်းချိန် ၂ နာရီ ၄၀ မိနစ်ကြာသည် ။ စောစောက ဆဝါဒီး ဟု လက်နှစ်ဖက်ယှက်ကာ နှုတ်ဆက်သည့် လေယာဉ်မယ်ကလေးများ အလုပ်ရှုပ်လာကြပြီ။ ကျွေးမွေးရန် ပြင်ဆင်နေကြသည် ။

ကျွန်တော်တို့ နှစ်ယောက် နေရာမှာ ရှေ့ပိုင်း ညာဘက်တွင် ဖြစ်သည် ။ ရှေ့အခန်းမှာ အထူးခန်း ဖြစ်ဟန်တူသည် ။ သစ်ခွပန်းတွေ ကမ်းလှမ်းနေသည် ကို တွေ့ရသည် ။ ထို့နောက် ကျွန်တော်တို့ ဆီသို့ ရောက်လာသည် ။

ညစာမစားမိ မည်သည့် အဖျော်ယမကာ သောက်ချင်ပါသလဲဟု မေးသည် ။ ကျွန်တော်တို့ က ဝီစကီကို မှာ သည် ။ ခဏကြာလျှင် ဝီစကီနှစ်ခွက် ရောက်လာသည် ။ ယခုမူ ပေသုံးသောင်းကျော် အထက်တွင် ကျက်သရေတွေ ဖြိုးဝေစ ပြုနေပြီ။

'ဘယ်ဆိုးလို့ လဲဗျ' ကိုစိုးမြင့်က ဆိုသည် ။ ဝီစကီအတွက် ပိုက်ဆံတစ်ပြားမျှ မပေးရ။ နောက်ထပ်သောက်ဦးမလား။ မှာ လို့ ရသေးသည်

။

'ကျွန်တော်တော့ မအင်နီ စကားကို နားထဲမှာ ကြားနေတယ် ဗျို့'

ကိုစိုးမြင့် ဇနီးမှာ ဒေါ်သီတာ (ခေါ်) ဒေါ်အင်နီ ဖြစ်သည် ။ ကျွန်တော်နှင့် ကိုစိုးမြင့်တို့ အိမ်နီးချင်း ဖြစ်သည် မှာ ၁၆ နှစ်ရှိပြီဖြစ်ရာ ရင်းနှီးနေပြီ။ ဟောင်ကောင် သွားရမည်ဆိုတော့ ကျွန်တော်က 'ကဲ ဒေါ်သီတာ ခင်ဗျား ဒါလင်ကို ဘယ်လိုခေါ်သွားရမလဲ။ တစ်ခါတည်း ကျွန်တော့်လက်ထဲ ပုံအပ်လိုက်မလား' ဟု စသည် ။ ထိုအခါ မအင်နီက 'ဦးကျော် ကြိုက်သလိုသာ ထိန်းသိမ်းသွားပေတော့၊ ဦးကျော်ကို ယုံလို့ အပ်လိုက်တာပဲ' ဟု ဆိုသည် ။

'ခင်ဗျား ညီမက ကျွန်တော့်ကိုမှာ လိုက်တာတွေ အများကြီးဗျ။ စာနဲ့တောင် ရေးမှာ လိုက်တယ်။ ဟိုဟာ မလုပ်နဲ့ ၊ ဒီဟာမလုပ်နဲ့ ပေါ့ဗျာ'

ထိုအခါ ကျွန်တော်၏ နားထဲတွင် ဖြူသီ၏ သီချင်းသံကို ကြား ယောင်လာသည် ။

သွားလိုက်ကြတာ သင့်မိတ်ဆွေများကလည်း ကွယ်၊

သွားလိုက်ကြတာ သဘော်သားတွေ၊

တခြား တိုင်းတစ်ပါးကိုကွယ်၊

ဟောင်ကောင် ဟောင်ကောင် ပျော်စရာများ ပေါပါသတဲ့ ၊

ဟောင်ကောင် ဟောင်ကောင်၊

မောင်ရေ သွားရင် မှာ လိုက်မယ် အပျော်တွေ မများ နဲ့ လို့ ...

ဆဝါဒီး ဆိုသည့် ထိုင်း လေယာဉ်မယ်လေး ရောက်လာပြန်သည် ။ နောက်ထပ် ဝီစကီ ယူဦးမည်လား မေးသည် ။ သူတို့ ထုံးစံမှာ အမျိုးသ

မီးက ဆဝါဒီး ဟု စ၍ နှုတ်ခွန်း ဆက်လျှင် အမျိုးသားက 'ဆဝါဒီး ခလပ်' ဟု တုံ့ပြန်ရသည် ။ 'မင်္ဂလာပါ၊ ကျန်းမာပါစေ ခင်ဗျာ' ဟု အဓိပ္ပာယ်ရသည် ။

ညစာအတွက် သူတို့ မှာ အလုပ်ရှုပ်နေကြသည် ။ ပေါင်မုန့်လုံး နှစ်ခု၊ ထောပတ်၊ ကြက်သား၊ ပုစွန်၊ မဆလာနံ့ သင်းသည့် ထမင်းကြော် တို့ ရောက်လာသည် ။

ဝိုင် သောက်မလား။ အနီလား၊ အဖြူလား။

သူတို့ အနောက်တိုင်း ထုံးစံမှာ ငါးဆိုလျှင် ဝိုင်အဖြူ၊ အမဲသား၊ ဝက်သား၊ ကြက်သား ဆိုလျှင် ဝိုင် အနီဟု ကြားဖူးသဖြင့် ဝိုင် အနီမှာ လိုက်သည် ။

ကျွန်တော်တို့ မှာ တစ်နေကုန် ပင်ပန်းသမျှ ယခုမှ ဇိမ်ယူကာ စားသောက် ကြရသည် ။ လေယာဉ်မယ်သည် ဝိုင်အနီကို ခဏခဏထပ်ဖြည့် နေသည် ။ ပြီးတော့ ကိတ်မုန့်၊ ချယ်ရီသီးလေး မြ[illegible]ပ်ထားသည့် ပူတင်း၊ ကော်ဖီတို့ ကျန်သေးသည် ။ ကော်ဖီကိုမူ နို့ မထည့်ဘဲ သောက်သည် ။

နောက်ထပ် လာပြန်ပြီ။ ထမင်းစားပြီး အစာကြေအောင် ကွန်း ညက်သောက်ဦးမလား။ ရယ်မီမာတင် ကွန်းညက် ထည့်ပေးသည် ။ ရယ်မီမာတင် ဆိုသည် မှာ ရန်ကုန်က သမ္မတဟိုတယ်၊ အင်လျားကန်ဟိုတယ် တို့ တွင် တစ်ခွက် ၆၆ ကျပ်ပေးရသည့် ပစ္စည်းမျိုး။

'ဘယ်ဆိုးလို့ လဲ ကိုစိုးမြင့်ရဲ့ '

'ဒါကြောင့် ထိုင်း လေကြောင်းဟာ ယိုးဒယား ပိုးစလေးလို အိအိညက်ညက်လေးလို့ ပြောတာပေါ့ဗျ။ သူတို့ ကြော်ငြာတဲ့ အတိုင်း တကယ်

အိတာ ညက်တာပဲ'

ကျွန်တော်မှာ အနည်းငယ် မျက်တောင် စင်းချင်သလို ဖြစ်လာ သည် ။ သို့သော် ကြာကြာ ငိုက်မျဉ်းချိန် မရ။ လေယာဉ်တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်လာသဖြင့် ဘေးဘက်ပြတင်းမှ ကြည့်လိုက်သည် တွင် ပြိုးပြိုး ပြက်ပြက် မီးရောင်တွေ လက်နေသည့် ဟောင်ကောင်မြို့ကို မြင်ရသည် ။ ဟောင်ကောင်သည် အိမ်မောမကျသေး။ ယခုမှ ၁၁ နာရီရှိသေးသည် ။ ၁၁ နာရီဆိုသည် မှာ ဟောင်ကောင်အဖို့ အချိန်ကောင်းပေတည်း။

ဟောင်ကောင်သည် ကျွန်တော် ရောက်လာမည်ကို ကြိုဆိုနေဟန်တူ သည် ။ ထိုင်း လေယာဉ်မယ် ကလေးများက ဟောင်ကောင်လူဝင်မှု တွင် အစစ်ဆေး ခံရန်အတွက် လိုအပ်သည် တို့ ကို ဖြည့်ရန် စာရွက်ကလေး များ လာပေးသည် ။ နိုင်ငံကူး လက်မှတ်နံပါတ်၊ အမည်၊ အလုပ်အကိုင် စသည့် တို့ ကို ဖြည့်ရသည် ။ ထူးခြားသည် မှာ ကိုယ့်တွင် ပါလာသည့် ငွေ ဘယ်ရွေ့ဘယ်မျှ ဆိုသည် ကို ထုတ်ဖော် ကြေငြာခြင်း မပြုရသည့် အချက် ပင်ဖြစ်သည် ။ ဟောင်ကောင် အဝင်အထွက်တွင် ငွေကြေး ကန့် သတ်ချက်မထား။ အမေရိကန်ဒေါ်လာ တစ်သောင်းလောက် သယ်သွား ချင်လည်း သယ်နိုင်သည့် သဘောပင် ဖြစ်သည် ။ ထို့ကြောင့် ပင် ဟောင် ကောင်သည် အရှေ့ အာရှတွင် ရင်းနှီးမြှုပ်နှံလိုသူ ကုန်သည် ကြီးများ ၊ စက်မှုအရင်းရှင် များ ၏ အခြေစိုက်ရာ ဈေးမြို့ကြီး တစ်ခုဖြစ်လာရသ ည် ။ သို့သော် ၁၉၉၇ ဆိုသော သက္ကရာဇ်က ငွေရှင်ကြေးရှင် စက်မှုအရ င်းအနှီး ပိုင်ရှင်တို့ ကို ခြောက်လှန့်နေသည် ။

ကျွန်တော်တို့ ရောက်သွားသည့် အချိန်တွင် ဟောင်ကောင်သည် ၁၉ ၉၇ အတွက် လှုပ်လှုပ်ရှားရှား ဖြစ်နေသည် ။ ၁၉၉၇ ဆိုသည် မှာ ယင်း သက္ကရာဇ်တွင် တရုတ်ပြည်သူ့ အစိုးရက ၉၉ နှစ် ငှားရမ်းသည့် စာချုပ်

စေ့သဖြင့် ပြန်လည်ရယူရန် တာစူနေခြင်းဖြစ်သည်။

ကျွန်တော်တို့ မရောက်မီ ကတည်းက အင်္ဂလိပ်အစိုးရ ကိုယ်စားလှယ်များ နှင့် တရုတ်ပြည်သူ့ အစိုးရတို့ အကြိမ်ကြိမ် ဆွေးနွေးနေကြပြီ ဖြစ်လေသည်။

ပိုးသားလိုအိသည့် ထိုင်းလေယာဉ်မှ အထွက်တွင် ကျွန်တော်က လေယာဉ်မယ်လေးအား 'ဆဝါဒီး' ဟု လက်ချင်းယှက်ကာ နှုတ်ဆက်လျှင် သူကလည်း 'ဆဝါဒီး' ဟု ပြုံးရွှင်ရွှင်ပင် ပြန်လည် နှုတ်ဆက်သည်။ ကိုစိုး မြင့်က ကျွန်တော့်ကို ပြုံးပြီး ကြည့်သည်။ ကျွန်တော်က 'သင်ကြားလေ့လာထားရတာတွေဗျို့' ဟု တိုးတိုးပြောရသည်။

ဟောင်ကောင် လူဝင်မှုတွင် တန်းစီရသည် မှာ မကြာပါ။ ၂ မိနစ် ၃ မိနစ်ခန့်သာ အချိန်ယူရသည်။ ကျွန်တော်တို့ နိုင်ငံကူးလက်မှတ်ကို ကြည့်ကာ သူတို့ စာရင်းတွင် မှတ်ထားသည်။ ပြီးတော့ သွားခွင့် ပြုလိုက်သည်။ ထိုနေရာက လွန်လျှင် ခပ်ပြုံးပြုံး စောင့်ကြိုနေသော တော်မီကို တွေ့ရသည်။ သူနှင့် အတူ မလှမ်းမကမ်းတွင် နှုတ်ခမ်းမွေး ရေးရေးနှင့် လူတစ်ယောက်ကိုပါ တွေ့ရသည်။ ပြုံးချိုသော မျက်နှာကြောင့် ကျွန်တော်တို့ မြန်မာကောင်စစ်ဝန်ရုံးက ဖြစ်ရမည်ဟု အတပ်သိလိုက်သည်။

'ကျွန်တော် ခင်မောင်ကြီးပါ'

ဦးခင်မောင်ကြီးမှာ ဒုတိယ ကောင်စစ်ဝန် ဖြစ်သည်။ သူနှင့် အတူ သံရုံးအမှုထမ်း ဦးအေးချွန် ပါလာသည်။ ကောင်စစ်ဝန်ချုပ် ဦးအောင်ကြီးက အကြိုလွှတ်လိုက်ခြင်း ဖြစ်သည်။ သူတို့ နှင့် အတူ သံရုံးကား ပါလာသည်။

ဦးခင်မောင်ကြီးက ကျွန်တော်တို့ ကို ဦးဆောင်ကာ ချာဝိုင်းကြီးတွင် ပစ္စည်းရွေးရန် စောင့်စေသည်။ မကြာပါ၊ ပစ္စည်းများ ယူပြီး အကောက်

ဌာနတွင် စစ်ဆေးရန် ပြသကြရသည် ။

အကောက်ဌာနတွင် အမျိုးသမီး ဝန်ထမ်းတစ်ဦးက ကိုစိုးမြင့်၏ ဆမ်မဆန်နိုက် သေတ္တာနက် ကလေးကို မျက်စိတွေ့ သွားသည် ။ ဖွင့်ခိုင်းပြီး ပစ္စည်းများ တစ်ခုချင်း ထုတ်သည် ။ သေတ္တာ အတွင်းသားများကို စမ်းသည် ။ ပြီးတော့ ကြိမ်ခြင်းထဲက ရွှေကြက် ပဲကြီးလှော်များကို ထုတ်ကြည့်သည် ။ ဦးခင်မောင်ကြီးမှာ မျက်လုံးပြူးလာသည် ။ သူ့ အိတ်ထဲက သံရုံးကတ်ပြားကို ထုတ်ပြသည် ။ သို့သော်လည်း ခရီးလွန်နေပြီ။ ကျေနပ် တော့မှ သေတ္တာများ ပိတ်ကာ လွှတ်လိုက်သည် ။

'ဆောရီးပဲ ဦးကျော်အောင်၊ ကျွန်တော်တို့ စောစောက ပြောမထား မိဘူး'

'ကိစ္စမရှိပါဘူးဗျာ'

'မနေ့ တစ်နေ့က နံပါတ်ဖိုးတွေ တွေ့တယ်။ ခုတလော ဘန်ကောက်က နံပါတ်ဖိုးတွေ ဟောင်ကောင်က တစ်ဆင့် အမေရိကကို ထွက်တယ်လို့ သတင်းရနေတယ်။ ဒါကြောင့် ရှာတာပါ၊ ဦးကျော်အောင်တို့ က ဘန်ကောက်က လာတယ် မဟုတ်လား'

အပြင်ဘက်တွင် သံရုံးက ကားစောင့်နေသည် ။ ကားကို ဦးအေးချွန်မောင်းလာသည် ။ ကျွန်တော်တို့ ကို ဟိုတယ်သို့ ပို့ရန် တော်မီ နှင့် ဦးခင်မောင်ကြီးတို့ ညှိနှိုင်းနေကြသည် ။

'ကျွန်တော်တို့ ပဲ လိုက်ပို့မယ်၊ တော်မီ လိုက်မပို့တော့ဘူး ဦးကျော်အောင်၊ လိုက်ပို့နေရင် သူ့အတွက် ခရီးဖင့်မယ်၊ သူက ဒီဘက်ကို တစ်ခါပြန်လာရမှာ '

တော်မီသည် ကျွန်တော်တို့ အိမ်ရှင် ဖြစ်လေသည် ။

'လီဂါဒင် ဟိုတယ်မှာ တည်းခိုဖို့ အခန်းယူထားတယ် ဦးကျော် အောင်၊ ကဲ ကျွန်တော်တို့ သွားကြမယ်'

တော်မီက နက်ဖြန် ၁၀ နာရီ လာခေါ်မည်ဟု ဆိုသည် ။ ရန်ကုန် သို့ ပို့သည့် တဲလက်ကြေးနန်းတွင် ရောက်ပြီး နောက်တစ်နေ့ နံနက် ၁၀ နာရီတွင် တိုင်းလိုက်ဖ် ရုံးခန်း၌ နောက်ဆုံး ပရုများ စိစစ်ရေးအတွက် ချိန်းဆိုချက် ပါသည် ။

'ဟုတ်ပြီလေ၊ နက်ဖြန် တွေ့ကြတာပေါ့' တော်မီကို နှုတ်ဆက်ကာ အီဆူဇူး ကားလေးဖြင့် ထွက်ခဲ့ကြသည် ။

ရာသီဥတုမှာ သာယာသည် ။ မိုးလေ ကင်းစင်သည် ။ မီးရောင်စုံ ထိန်ညီးနေသည့် ဟောင်ကောင်မြို့ကို ကောင်လွန်းဘက်မှ လှမ်းမြင်ရသည် ။ မည်းမည်းညို့ညို့ ဝိတိုရိယ တောင်ထိပ်တွင် လည်း မီးရောင်အချို့ လက် နေသည် ။ ကျွန်တော်တို့ သည် ကိုင်တက်လေဆိပ်ရှိရာ ကောင်လွန်းဘက်မှ ပင်လယ်ကို ဖြတ်ပြီး ဟောင်ကောင်ကျွန်းဘက်သို့ သွားရမည် ။

'တော်မီတို့ က ဘယ်ပြန်ကြရမှာ လဲ'

'ဒီဘက်မှာ ပဲ ဦးကျော်အောင်၊ နယူးတယ်ရီတိုရီ ဆိုတဲ့ နယ် သစ်ပေါ့'

'ဩော် တရုတ်တွေဆီက ၉၉ နှစ် စာချုပ်နဲ့ ငှားထားတယ်ဆို တဲ့ နယ်သစ်လား'

'ဟုတ်တယ် ခင်ဗျ၊ သူတို့ နေရာက အတော်လေး ဝေးတယ်။ ခရီး လှမ်းတယ်။ အတော်သွားရမယ်'

အချိန်မှာ လင့်နေပြီ။ သို့သော် ဟောင်ကောင်တွင် တက္ကစီမှာ ညလုံး

ပေါက်လိုလို ရှိနေရာ သွားရေး လာရေး မခက်ခဲ။ လွယ်ကူသည် ။

ကျွန်တော်တို့ ၏ ကားကလေးသည် ဥမင်ခွန် ထောက်သည့် ထိပ်၌ ရပ်ရသည် ။ ယင်းမှာ ဟောင်ကောင်နှင့် ကောင်လွန်းဘက်ကမ်း ကူးသည့် ပင်လယ်အောက် ဖြတ်ထားသော ဥမင် ဖြစ်သည် ။ တစ်မိုင်သာသာ ရှိသည် ။ သံရုံးကားသည် ထိုလမ်းကို အမြဲဖြတ်သဖြင့် လပေး လက်မှတ် ဝယ်ထားသည် ။ ဦးအေးချွန်က လက်မှတ်ကို ပြသည် ။ ည သန်းခေါင်ချိန်ဖြစ် ရာ ကားရှင်းနေသည် ။ ဥမင်ဖြတ်ခမှာ ဟောင်ကောင် ၁၀ ဒေါ်လာ ဖြစ် သည် ။ ကျွန်တော်တို့ ရောက်သည့် ယနေ့ (ဇွန်၁) မှ စပြီး တစ်ဆတိုး ကောက်ခြင်း ဖြစ်သည် ။ ယခင်က ၅ ဒေါ်လာ သာယူသည် ။

ဥမင် ဖြတ်ပြီးနောက် ခဏကြာလျှင် ဟိုင်ဆန်ရိပ်သာလမ်းရှိ လီဂါဒင် ဟိုတယ်ရှေ့သို့ ရောက်လာသည် ။ အချိန်လင့်နေပြီ ဖြစ်သဖြင့် အဝင်အထွက် အနည်းငယ် ရှင်းသည် ။ ဦးခင်မောင်ကြီးကပင် ဦးဆောင် ကာ အခန်းရှိရာသို့ ပို့ပေးသည် ။ ကျွန်တော်တို့ အခန်းမှာ ၁၆ ထပ်တွင် ရှိသည် ။ လီဂါဒင် ဟိုတယ်တွင် အထပ်ပေါင်း ၂၂ ထပ်ရှိသည် ။

ပစ္စည်းများ နေရာချထား ပေးပြီးနောက် ဦးခင်မောင်ကြီး ပြန်သွားသည် ။ နက်ဖြန် ညနေမှ လာခဲ့မည်ဟု ပြောသွားသည် ။ နက်ဖြန်ကား စနေနေ့။ ရုံးပိတ်ရက်များ ဆက်နေသည် ။ ဟောင်ကောင်တွင် အစိုးရရုံးများ သည် စနေတွင် ပိတ်သည် ။ သို့သော် အလုပ်စခန်း စကြရန် စနေ ၁၀ နာရီမှာ ပင် ကျွန်တော်တို့ အား လာခေါ်မည်ဟု တော်မီက မှာ ကြားသွားသည် ။ ပုံနှိပ်ရေး ကိစ္စတွင် နောက်ဆုံး ညှိနှိုင်းစရာ ရှိသည် တို့ ကို ညှိနှိုင်းရန်ပင် ဖြစ်လေသည် ။

ည၌နက်လှပြီ။ တစ်နေကုန် မနားရသေး။ ကလိစရာ တီဗွီက အခန်းထဲတွင် ရှိနေသည် ။ သို့သော် မနက်ဖြန်မှ ဟိုတယ် အခြေအနေကို စန

ည်းနာတော့မည် အောက်မေ့ကာ အိပ်ရာဝင်ရန် ဟန်ပြင်ကြသည် ။

နက်ဖြန်တွင် ကိုခင်မောင်ကြီး လာမည်ဟု ပြောသွားသည် ။ သံမှူး အား ပေးစရာများ ရှိနေသေးသည် ။ နက်ဖြန်မှ ပဲ ပတ်ဝန်းကျင်ကို လေ့ လာတော့မည် စိတ်ကူးမိသည် ။

သည် တစ်ခါ ပြည်ပခရီး ထွက်ရသည် မှာ အဖော်ပါသဖြင့် တစ်မျိုး ကောင်းသည် ။ ကိုစိုးမြင့်နှင့် ကျွန်တော်တို့ အိမ်နီးချင်းဖြစ်သည် မှာ ၁၆ နှစ် ရှိပြီဖြစ်ရာ တစ်ယောက်အကြောင်းတစ်ယောက် သိနေကြပြီ။ ထူးပြီး ပေါင်းစရာ မလို။

ညနေက မင်္ဂလာဒုံ လေယာဉ်ကွင်း မြင်ကွင်းကို သတိရသည် ။ 'ဟိုမှာ ခင်ဗျားညီမ မျက်ရည်စမ်းစမ်းနဲ့ ဗျ' ဟု ကိုစိုးမြင့်က ဆိုသည် ။ ကျွန်တော်က စသည် ။ သို့သော် ကိုစိုးမြင့် ဇနီးဒေါ်အင်နီကား မတုန်မ လှုပ်၊ ပြုံးရုံသာပြုံးနေသည် ။ ကျွန်တော် နောက်တက်ပြောင်တတ်သည် ကို သူသိနေပြီး သူ့အဖို့ ရိုးနေပြီ။ အဲဒီအကြောင်းတွေ နောက်မှ ပြောပြ ဦးမယ် ဗျာဟု ကိုစိုးမြင့်က ဆိုသည် ။ သို့နှင့် အိပ်ရာဝင်ခဲ့ကြသည် ။

***

(၂)

မနက် ၇ နာရီသာသာတွင် အိပ်ရာမှ နိုးသည် ။ ပြတင်းကျယ်ကြီးတွင် ခန်းဆီးကြီး ကာထားသည် ။ ခန်းဆီးကို ဖယ်ရှားကြည့်လိုက်လျှင် အပြည့်ကာထားသည့် မှန်ပြတင်း၌ ရေငွေ့များ သီးနေသည် ကို တွေ့ရသည် ။ မိုးရွာထားဟန်တူသည် ။ အခန်းထဲမှာ အနည်းငယ်စိမ့်နေသည် ။ လေအေးစက်ကို အဆုံးအထိ ဖွင့်ထားသည် ။

ဟောင်ကောင်သည် အပူပိုင်းအောက် ဒေသမှာ ရှိသည် ။ ဥတ္တရ ယာဉ်စွန်းတန်းသည် ဟောင်ကောင် အထက်နားတွင် ဖြတ်သွားသည် ။ ကျွန်တော်တို့ ရောက်ချိန်မှာ ဟောင်ကောင်နွေဦး ဖြစ်သည် ။ နွေရာသီဟု ပင်ခေါ်သည် ။ ထိုကာလတွင် မိုးသည်းထန်စွာ ရွာသည် ။ ဟောင်ကောင်သည် ပင်လယ်ထဲက ကျွန်းကလေးတစ်ခုဖြစ်ရာ တောင်တရုတ်ပင်လယ်မှ တက်လာသည့် မိုးသားတို့ သည် ဟောင်ကောင်နှင့် ကောင်လွန်းဘက်မှ တောင်များ နှင့် တွေ့လျှင် တစ်ဟု န်ထိုးရွာချသည် ။ ခဏကြာလျှင် တိတ်သွားတတ်သည် ။ အပူချိန်မှာ ဖာရင်ဟိုက် ၈၀-၈၂ ပတ်ဝန်းကျင်တွင် ရှိသည် ။ သည် အပူကိုမူ ခံနိုင်သည် ။ သို့သော် ရေခိုး ရေငွေ့များ သဖြင့် စေးထိုင်းထိုင်း ဖြစ်လာတတ်သည် ။

ယနေ့နံနက်ခင်းတွင် ရာသီဥတုသာယာသည် ။ စောစောစီးစီးပင် တီဗွီကို ဖွင့်ကြည့်မိသည် ။ ဟောင်ကောင် တီဗွီတွင် လမ်းကြောင်း ရှစ်ခု ရှိသည် ။ ရုပ်မြင်သံကြား လွှင့်သည့် ဌာနလေးခုမှ တစ်ပြိုင်နက်တည်း လွှ

င့်သည် ။ တရုတ်ဘာသာဖြင့် နှစ်ခု လွှင့်သည် ။ အင်္ဂလိပ်ဘာသာ အစီအစဉ်သည် နေ့လယ် ၁၂ နာရီမှ စလေ့ရှိသည် ။ တီဗွီတွင် အချိန်ကို ညွှန်ပြလေရာ တရုတ်စကား နားမလည်သော်လည်း သွားရေး လာရေး အတွက် နှိုးဆော်သည့် နှိုးစက်လေး တစ်ခုကိုယ့်မျက်မှောက်မှာ ရှိနေသဖြင့် အချိန်ကို လွယ်ကူစွာ မှတ်သားနိုင်သည် ။ တီဗွီက တရုတ်ဘာသာဖြင့် အသံလွှင့်နေသည် ။ မိန်းကလေးတစ်လှည့် ယောကျ်ားလေးတစ်လှည့် လွှင့်သည် ။ ပြီးတော့ ကြော်ငြာတွေ လာသည် ။ တင်ပြပုံသွက်လက်သည် ။ ခပ်ထုံထုံ ခပ်ထိုင်းထိုင်း မဟုတ်။

စားရေး သောက်ရေး အတွက် စီစဉ်ရမည်။ အခန်းထဲတွင် မူ ရေခဲသေတ္တာလေးတစ်ခု ရှိသည် ။ ဟိုတယ်ကြီးတွေမှာ ပေးလေ့ရှိသည့် မီနီဘား (အရက်ဆိုင်ကလေး)ပင် ဖြစ်သည် ။ သူ့ကို နောက်မှ သုံးကြည့်ရ မည်။ လောလောဆယ်တွင် မူ ကိုယ့်မှာ ပါလာသည့် အသေးသုံး အမေရိကန် ဒေါ်လာများကို ဟောင်ကောင်ဒေါ်လာနှင့် လဲရမည်။

ရေချိုးခန်းမှာ ကျယ်သည် ။ နှစ်ယောက်အတွက် မျက်နှာသုတ်ပဝါ၊ ကိုယ်သုတ်ပဝါက အစ လိုလေသေး မရှိအောင်ထားပေးသည် ။ အင်္ကျီ၊ ဘောင်းဘီချိတ်သည့် 'ဝပ်ဒရုတ်' ခေါ် ဗီရိုတစ်ခုလည်း ရှိသည် ။ ကျွန်တော် တို့ နေရသည့် နှစ်ယောက်အခန်းမှာ ကျယ်သည် ။ အိပ်ရာ နှစ်ခု ယှဉ် ထားသည် ။ အိပ်ရာထက်မှာ လဲလျောင်းကာ တီဗွီကိုကြည့်လို့ ရသည် ။ လီဂါဒင် ဟိုတယ်သည် ဟောင်ကောင်ဘက်ကမ်းတွင် ပထမတန်းစား ဟိုတယ် တစ်ခု ဖြစ်သည် ။ အခန်းပေါင်း ၈၂၄ ခန်းရှိသည် ။ ကျွန်တော် တို့ ကို ဘယ်မှာ ထားရမည်လဲဟု ညှိနှိုင်းကြသည့် အခါ သံရုံးက လီဂါဒင် ကို ညွှန်းသည် ။ အခန်းခမှာ ဈေးကြီးသည် ။ အမေရိကန်ဒေါ်လာ ၁၀၀ ဝန်းကျင်တွင် ရှိသည် ။

'ဦးကျော်အောင်တို့ ကို အပေါစား ဟိုတယ်မှာ ထားလို့ ဘယ်ဖြစ် မလဲ' ကိုခင်မောင်ကြီးက ဆိုသည်။

ဟုတ်သည် ။ မြန်မာသံရုံးသည် မြန်မာတို့ ဂုဏ်သရေကို မြှင့်တင်ပေးရမည် မဟုတ်လား။ ဟောင်ကောင် ဘက်ကမ်းမှာ ဘတ်ဂျက်ဟိုတယ် ဟု ခေါ်ကြသည့် အခန်းခ ဈေးနည်းသည့် ဟိုတယ်များ ရှိသည် ။ ဥပမာ ကာရာဗဲ၊ စင်ကာပူဟိုတယ်၊ ကာဒွေးစသည် ။ ကာရာဗဲသည် မြန်မာတွေ တည်းလေ့ရှိသည့် ဟိုတယ်ပင် ဖြစ်သည် ။ မြန်မာသံရုံးနှင့် လည်း ဖောက်သည် ဖြစ်နေပြီ။ သို့သော် ကိုယ့်စရိတ်နှင့် ကိုယ်လာလျှင်မူ ချွေတာရအောင် စရိတ်ကျဉ်း ဟိုတယ်ကို ရွေးမည်။

ယခုမူ ကျွန်တော်တို့ နှစ်ယောက်မှာ တိုင်းလိုက်ဖ် စာအုပ်ကုမ္ပဏီ၏ ဧည့်သည် တော်များ ဖြစ်သည် မဟုတ်လား။

'ဝန်ကြီးချုပ် လာတော့လဲ လီဂါဒင်မှာ တည်းတာပဲ ခင်ဗျ'

လီဂါဒင်သည် သံရုံးနှင့် နီးသည် ။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ မှာ ငြင်းပိုင်ခွင့် မရှိ။ သင့်တော်သလို စီစဉ်ပေးသည့် မြန်မာသံရုံးအဖွဲ့ ကိုပင် ကျေးဇူးတင်မိသည် ။

ကိုယ်လက် သုတ်သင်သည့် ကိစ္စဝိစ္စ အားလုံး ပြီးစီးလျှင် ကျွန်တော်တို့ နှစ်ယောက် ဟိုတယ်အောက်သို့ ဆင်းခဲ့ကြသည် ။

'ဦးကျော်အောင် သတိထားမိလား၊ ဒီဟိုတယ်မှာ အထပ် ၁၃ မရှိဘူး။ တရုတ်တွေလဲ အဲဒီအယူ ရှိဟန်တူတယ်'

ဟုတ်သည် ။ ဓာတ်လှေကားတွင် နံပါတ် ၁၃ နှိပ်ရန် ဘုသီးမရှိ။ ၁၂ ထပ်ပြီးလျှင် ၁၄ ထပ်သို့ ခုန်ကူးသွားသည် ။

'တရုတ်အယူအဆ၊ တရုတ်အစွဲအလမ်း မဟုတ်ဘူး ထင်တယ်ဗျ။ အဲ

ဒါ အင်္ဂလိပ် အစွဲအလမ်း ဖြစ်မှာ ပဲ၊ အင်္ဂလိပ်က နံပါတ် ၁၃ဟာ ကံမကောင်းတဲ့ နံပါတ်လို့ ယူဆတယ် မဟုတ်လား'

ဟောင်ကောင်သည် အင်္ဂလိပ်ကိုလိုနီ ဖြစ်လေရာ ကံမကောင်းသည့် နံပါတ် ၁၃ အစွဲအလမ်းမှာ မဆန်းတော့ပြီ။

ကျွန်တော်တို့ အခန်းမှာ နံပါတ် ၁၆၃၆ ဖြစ်သည် ။ အခန်းက ထွက်လျှင် တစ်ဆစ်ချိုး ကွေ့လိုက်သော် ဓာတ်လှေကား ရှိရာသို့ ရောက် သည် ။ ဘယ်ဘက်တွင် ဓာတ်လှေကား သုံးခုရှိပြီး ညာဘက်တွင် ဓာတ် လှေကား တစ်ခုရှိသည် ။ သုံးခုရှိသည့် ဘက်တွင် အတက်ရ အဆင်းရ လွယ်သည် ။ ခလုတ်နှိပ်လိုက်လျှင် အားသည့် ဓာတ်လှေကားသည် ချက်ချင်းပင် တက်လာသည် ။ သို့မဟုတ် ဆင်းလာသည် ။ ကျွန်တော်တို့ ၏ ၁၆ ထပ်သို့ ရောက်လျှင် လျှပ်စစ် ခေါင်းလောင်းကလေး မြည်ကာ အလို အလျောက် ပွင့်လာသည် ။

အောက်ထပ်ရောက်ပြီး ဓာတ်လှေကား တံခါးပွင့်လျှင် ကော်ဖီနံ့ သင်းသင်းသည် နှာခေါင်းထဲသို့ ဝင်လာသည် ။

ဓာတ်လှေကား အဝတွင် ဟိုတယ်က ဖွင့်ထားသည့် ကော်ဖီ ဆိုင်ရှိသည် ။ 'သည် တဲရေ့' (The Terrace) ဟု ခေါ်သည် ။ မနက် ၆ နာရီမှ ည ၂ နာရီခွဲ အထိ ဖွင့်သည် ။ ဈေးကတော့ ကြီးသည် ။ ကျွန်တော်တို့ ဆင်းသွားသည့် အချိန်တွင် လူစည်ကားနေပြီ။

ငွေလဲသည့် နေရာတွင် စနည်းနာကြည့်သည် ။ ဈေးကြီးသည် ၊ မတတ်နိုင်။ ရသည့် နှုန်းဖြင့် နည်းနည်းပါပါး လဲရမည်။ သို့မှ စားဖို့ သောက်ဖို့ လွယ်မည်။ ဝယ်သူ ရောင်းသူ ဥပဒေအတိုင်း ကိုယ်ကအနာခံ ရသည် ချည်းပင်။ ကိုယ်လိုချင်လျှင် ဈေးကြီးသည် ။ ကိုယ်က ရောင်းတော့ ဈေးနည်းသည် ။ ကျွန်တော်တို့ ရောက်သည့် အချိန်တွင် ဟောင်ကောင် ဒေါ်

လာမှာ အတန်ငယ် ဈေးတန်းနေသည် ။ သည့် အရင်ကမူ ၁၉၉၇ ခုနှစ် တွင် တရုတ်ပြည်က ပြန်သိမ်းမည့် အရေးကိစ္စကြောင့် ဟောင်ကောင် ဒေါ် လာသည် တန်ဖိုး ကျနေသည် ။ သို့တိုင်အောင် ဟိုတယ်၌ မူ ကျွန် တော် တို့ က အနာခံရသည် ။ ဘဏ်တွင် ငွေလဲနှုန်းမှာ အမေရိကန်တစ် ဒေါ်လာ သည် ဟောင်ကောင်ဒေါ်လာ ၇.၈၄ နှင့် ညီမျှသည် ။ ကျွန်တော် တို့ လဲသည့် အခါ ၇.၅ သာရသည် ။

ဟိုတယ် ဧည့်ခန်းမကြီးတွင် ဧည့်သည် များ စည်ကားနေသည် ။ လူ မျိုးပေါင်းစုံ ဝင်ထွက်သွားလာနေကြသည် ။ ကျွန်တော်တို့ ဆင်းခဲ့သည့် ဓာတ်လှေကားထဲမှာ လည်း အမေရိကန်၊ အင်ဒိုနီးရှား၊ ဂျပန်တို့ ကို တွေ့ ရသည် ။ တရုတ်အမျိုးသားများမှာ အများ ဆုံးဖြစ်သည် ။ မလေးရှား၊ စင်္ကာပူ ၊ ဖိလစ်ပိုင်၊ ထိုင်ဝမ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မှ အလည်အပတ် ရောက်လာကြသည့် တရုတ်များ ဖြစ်မည်။ များ သော အားဖြင့်ကား ပင်လယ်ရပ် ခြား တရုတ်အမျိုးသားများ ဟု အသိအမှတ်ပြု ခံရသူများ ဖြစ်လေသည် ။ ပင်လယ်ထဲမှာ ကူးခတ် သွား လာနေတဲ့ ငါးကလေးတွေ ဆိုသည့် တရုတ် စကားပုံတစ်ခုကို အမှတ်ရ လာသည် ။

အခန်းသော့ကို ဟိုတယ် ကောင်တာတွင် ပေးခဲ့ပြီး အောက်သို့ ဆင်း ခဲ့ကြသည် ။ ပထမထပ်နှင့် မြေညီထပ်ကို ဆင်းတက်ရန် အက်စကာ လေတာခေါ် စက်လှေကား တစ်စုံ တပ်ဆင်ထားသည် ။ ဟိုတယ်ရှေ့တွ င် ဦးပေါင်းနက် အင်္ကျီနီ ဖားလျားကြီး ဝတ်ဆင်ထားသည့် အရပ်ခြောက် ပေ ကျော် ပန်ချာပီကြီးကို တွေ့ရသည် ။ အသက်မှာ ခပ်ငယ်ငယ်။ မျက် နှာမှာ နုသည် ။ ဝင်လာသမျှ ကားတံခါးများကို ဖွင့်ပေးသည် ။ သွားမည့် ကားပေါ် သို့ တက်ရန်ကိုလည်း တံခါးဖွင့်ပေးသည် ။ မိုးရွာလျှင် ထီးမိုး ပေးသည် ။

ဟိုတယ် ခန့်ထားသည့် တံခါးမှူး ဖြစ်ဟန်တူသည် ။ အင်္ဂလိပ် ကိုလိုနီဖြစ်သည့် ဟောင်ကောင်တွင် အိန္ဒိယမျိုးနွယ်တို့ ၏ ဦးရေမှာ မနည်းလှ။ သွားလေရာတွင် သူတို့ ကို တွေ့ရသည် ။

'ကဲ...ဘယ်သွားမလဲ၊ ဘာစားကြမလဲ'

ကျွန်တော်တို့ သည် ဟိုတယ် ညာဘက်ထိပ်သို့ လျှောက်ခဲ့ကြ သည် ။ လမ်းဆုံတွင် သစ်သီးဆိုင် တစ်ခုကို တွေ့ရသည် ။ ဒူးရင်းသီး၊ ပန်းသီး၊ စပျစ်သီး၊ သဘော်သီး၊ ငှက်ပျောသီး၊ တရုတ်ဆီးသီး၊ လိုင်ချီး သီးတို့ ကို ရောင်းနေသည် ။ ဆိုင်ထဲတွင် မူ စည်သွတ်ဘူး စားစရာများ တွေ့ရသည် ။ အဖျော်ယမကာ ပုလင်းအမျိုးမျိုး တန်းစီနေသည် ။ ဘီယာ ဘူး အမျိုးမျိုးလည်း ရှိနေသည် ။

အပြင်ဘက်တွင် အနည်းငယ် ပူသလို ရှိသည် ။ ဟိုတယ်ထဲမှာ လေအေးစက်ဖွင့်ထားလေရာ အပြင်ထွက်လျှင် လေပူကြီးနှင့် ပက်ပင်းပါ တိုးသည် ထင်ရသည် ။ ညာဘက်က လမ်းကလေးအတိုင်း လိုက်သွားကာ တစ်ဆစ်ချိုး ကွေ့လိုက်သည် ။ စာအုပ်ဆိုင်လေး တစ်ခုရှေ့တွင် နံနက် သတင်းစာများ ဖြန့်စီထားသည် ။ ရှေ့နားကို ဆက်လျှောက်လျှင် တစ်တော့ (Tip Top) စားသောက်ဆိုင်ဟူသော ဆိုင်းဘုတ်ကို တွေ့ရသည် ။ ကော်ဖီ နံ့ တသင်းသင်း ထွက်လာသည် ။

'ဝင်ကြမယ်ဗျာ၊ သူများ တွေ မှာ တာကြည့်ပြီး မှာ ကြတာပေါ့'

ဥဒဟို ဝင်ထွက်သွားလာနေကြသည့် ကြီးကြီးရွယ်ရွယ် ငယ်ငယ် လတ်လတ်တို့ ကို တွေ့ရသည် ။

ကောင်တာထိပ်တွင် အင်္ဂလိပ်လို စာတန်း ချိတ်ဆွဲထားသည် ။ အခေါ်အဝေါ်ကို အစားအသောက်နှင့် တွဲပြီးညှိလို့ မရသေး။ မေးလို့ က

လည်း အရေမလည်။ သူများ တွေ စားတာကြည့်ကာ ကိုစိုးမြင့်က လက်ညှိုး ထိုးမှာ သည် ။ ဝက်သားဆော့ဆိတ် (ခေါ်) စည်သွတ်ဘူးထဲက ဝက်သားပြား တစ်လွှာကို ခေါက်ဆွဲပြုတ် တစ်ပန်းကန်တွင် ထည့်ပေးသည် ။ ပြီးတော့ ဝက်အူချောင်း တစ်ခု။ ကြက်ဥကြော် နှစ်လုံး။ သူတို့ ကြက်ဥမှာ အသေးစား ဖြစ်သည် ။

'ကော်ဖီလဲ မှာ ပါဗျာ'

နှစ်ယောက်စလုံး ကော်ဖီကြိုက်သူများ ဖြစ်သည် ။ ယင်းအစားအစာ တစ်ပွဲကို ဟောင်ကောင် ခြောက်ဒေါ်လာခွဲ ပေးရသည် ။ ကျွန်တော်တို့ ငွေနှင့် ညီမျှခြင်းမှာ ကျပ်တိုက် ဒေါ်လာတိုက် ဆိုကြပါစို့။ ဟောင်ကောင် တစ်ဒေါ်လာသည် မြန်မာတစ်ကျပ်နှင့် ညီမျှသည် ဟု ခန့်မှန်းကာ စားကြ သောက်ကြဖို့ ပဲ ဖြစ်သည် ။

'ဒီလိုတွက်ရမယ် ဦးကျော်အောင်၊ ဒီမှာ ပစ္စည်းတစ်ခု ဝယ်ပြီး ရန်ကုန်မှာ ပြန်ရောင်းလို့ လေးဆရမယ်ဆိုရင် ကိုက်တယ်လို့ မှတ်ထား'

ဤသည် မှာ ဟောင်ကောင်နှင့် ကူးသန်း သွားလာဖူးသူတို့ ၏ စံဖြစ်ဟန်တူသည် ။ သို့သော် ပစ္စည်းတိုင်း မဟုတ်နိုင်။ မည်သို့ဖြစ်စေ ကျွန်တော်တို့ မှာ ကုန်သည် များ မဟုတ်သဖြင့် 'တွက်ရေးမှာ စက်သူဌေး' လုပ်ရန် မလို။ ခေါက်ဆွဲ၊ ကြက်ဥနှစ်လုံး၊ ဝက်သား ဆော့ဆိတ်၊ ဝက်အူချောင်း၊ ကော်ဖီ အားလုံးကို ခြောက်ဒေါ်လာခွဲဆိုတော့ အလွန်တန်သည်ပင်။ ကျွန်တော်တို့ ရန်ကုန်မှာ ဆယ့်သုံးကျပ်လောက် ကျမည်ထင်သည် ။ ခံတွင်း ကား မတွေ့လှ။ သို့သော် ဗိုက်ဝအောင် ဖြည့်ထားဖို့ လိုသည် မဟုတ်လား။ကြိုက်လည်း စား၊ မကြိုက်လည်း စား သို့မှာ သာ သွားလာ လှုပ်ရှားနိုင်မည်။

စားသောက်ပြီးလျှင် အနီးအနား ခြေဆန့် လက်ဆန့်လျှောက် ကြသ

ည် ။ ဝေးဝေးသို့မှ မသွားရဲ။ တော်မီနှင့် ချိန်းထားသည် က ရှိသေး သည် ။

လီဂါဒင်ဟိုတယ် ပတ်လည်တွင် ဈေးဆိုင်များ မဖွင့်ကြသေး။ သူတို့ အလုပ်ချိန်မှာ ၁၀ နာရီမှ စဟန်တူသည် ။ ယနေ့ကား စနေနေ့ ဖြစ်သဖြင့် ရုံးများ ပိတ်သည် ။ ဘဏ်များ လည်း ပိတ်သည် ။ ယခင်တစ် ခေါက် ဟောင်ကောင် ရောက်တုန်းကလည်း စနေ၊ တနင်္ဂနွေနှင့် ကြုံလေရာ ကိုယ့်မှာ ပါလာသည့် ခရီးသွား ချက်လက်မှတ်ကို တနင်္လာနေ့ မနက်တွင်မှ အမောတကော လဲရသည် ။ ယခုလည်း ရောက်စရက်မှာ ရုံးပိတ် ဘဏ်ပိတ်နှင့် ကြုံနေသည် ။

ကျွန်တော်တို့ သည် တစ်တော့မှ ထွက်လာကာ ဟိုတယ်သို့ မဝင်သေးဘဲ အနောက်ဘက်သို့ အနည်းငယ် လျှောက်ကြည့်သည် ။ ဂျိတ်ဂါဒင် စားသောက်ဆိုင်ထိပ်တွင် သူတောင်းစား တစ်ယောက်ခွက်တစ်လုံး ကိုင်ကာ တောင်းရမ်းနေသည် ။ အသက် ၅၀ ကျော်ခန့်ရှိပြီ။ မိုးရွာလျှင် ဂျိတ်ဂါဒင် စကြံရိပ်မှာ သူခိုသည် ။ မီးပွိုင့်ဟိုဘက် လှမ်းကြည့်လိုက်လျှင် မက်ဆင် စားတော်ဆက်ကိုတွေ့ရသည် ။ ယင်းတည်ရာမှာ တိုက်ခန်းရှည်ကြီး ဖြစ် သည် ။ သည် နေရာကို ရောက်ဖူးသလိုလို ထင်မိသည် ။ စိတ်ထဲမှာ ဝိုးတဝါး ဖြစ်နေသည် ။ ယခင်တစ်ခေါက်က ကိုခင်မောင်ထက်နှင့် သွားလာဖူးသည့် နေရာများ ဖြစ်ရမည်။ သို့သော် ကောင်းကောင်း မမှတ်မိ။

အချိန်လင့်နေမည် စိုးသဖြင့် ဟိုတယ်သို့ ပြန်လာခဲ့ကြသည် ။ အခန်းထဲမှာ ခဏနားနေရင်း ဟိုတယ်ကပေးသည့် ပစ္စည်းပစ္စယတို့ ကို လေ့လာကြသည် ။ တယ်လီဖုန်း စာအုပ်ကို လှန်လှော ကြည့်သည် ။ ကျွန်တော်တို့ မိတ်ဆွေတွေရဲ့ တယ်လီဖုန်း နံပါတ်တွေများ ရှိလေမည်လား

ရှာကြည့်သည် ။

ကိုစိုးမြင့်သည် သူ့ ဒါလင်ထံ စာရေးနေသည် ။

'ဘယ်လိုလဲ ဦးကျော်အောင်၊ မီနီဘား ဖွင့်လေဗျာ'

ကျွန်တော်တို့ မျက်စိရှေ့မှာ မီနီဘား (ခေါ်) ဟိုတယ်ထဲက အရက်ဆိုင်ကလေး တစ်ခုသည် ကန့်လန့် ကန့်လန့် ဝင်ရှုပ်နေသည် ။

ကိုစိုးမြင့် မျက်စိထဲမှာ လည်း ကြည့်လို့ ရမဟန်မတူ။ ကျွန်တော် လည်း ထို့အတူပင်။

'နေဦးလေဗျာ၊ စားသုံးသူများ ရဲ့ ဆန္ဒနဲ့ ကိုက်ညီ မကိုက်ညီ ညှိနှိုင်းရဦးမယ်'

ကိုစိုးမြင့်က သဘောကျကာ တဟားဟား ရယ်သည် ။ ထိုခဏ မှာ ပင် တယ်လီဖုန်းသံ ကြားရသည် ။

'တော်မီ ပြောနေတယ်။ အခုပဲ လာခဲ့တော့မယ်'

မကြာပါ။ တံခါးခေါက်သံကြားရပြီး တော်မီ ဝင်လာသည် ။

ကျွန်တော်တို့ မှာ အဆင့်သင့်ဖြစ်နေသဖြင့် သူရောက် လာပြီးနောက် ချက်ချင်းပင် ထွက်လာခဲ့ကြသည် ။

ဟိုတယ် စင်္ကြံတွင် သွားလာ ဝင်ထွက်သူတွေ ရှုပ်နေသည် ။ ကျွန်တော်တို့ နှင့် မျက်နှာချင်းဆိုင် အခန်းတွင် ဟိုတယ်အလုပ်သမားများ ရှိသည် ။ ကျွန်တော်တို့ အခန်းများကို လှည်းကျင်း သုတ်သင်ရန် စောင့်နေကြသည် ။

ဓာတ်လှေကားက ထွက်လျှင် မွှေးပျံ့ပျံ့ကော်ဖီနံ့သည် နှာခေါင်းထဲသို့ တိုးဝင်လာသည် ။ ကော်ဖီဆိုင်တွင် လူမပြတ်။

ဟိုတယ်ရှေ့တွင် တက္ကစီများ တစ်စီးပြီး တစ်စီး ထိုးဆိုက်နေသည် ။ ဦးပေါင်းထုပ်နှင့် ပန်ချာပီက ကားတံခါး ဖွင့်ပေးသည် ။ လီဂါဒင်မှာ တည်းခိုသူများ လေရာ တက္ကစီအဝင်အထွက် ပြတ်သည် ဟူ၍ မရှိ။ ရှေ့နားတွင် လည်း ဟီးနိုးကားကြီးများ တန်းစီရပ်နေသည် ။ ခရီးသည် များ အစုလိုက်သွားလာရန် ပို့ဆောင်ပေးသည့် ယာဉ်များ ဖြစ်သည် ။ ဟောင်ကောင် ခရီးသွားလာရေး အသင်းကဦးဆောင်ကမကထပြုသည့် အလည်အပတ် ခရီးသွားများ အတွက်ဖြစ်သည် ။

ကျွန်တော်တို့ သည် တက္ကစီနှင့် ထွက်လာခဲ့ကြသည် ။ ဝိတိုရိယ ပန်းခြံနား ဖြတ်မောင်းသည် ကိုမူ သတိထားလိုက်မိသည် ။ ခဏကြာလျှင် မှန်နက်များ ဖြင့် မိုးသို့ ထိုးထွက်နေသည့် အဆောက်အအုံ တစ်ခု၏ အခြေ တွင် ကားထိုးရပ်သည် ။ တက္ကစီခမှာ မများ ပါ။ ငါးဒေါ်လာသာ ကျသည် ။

'ဒီနေ့ ရုံးတွေ ပိတ်ထားတယ်။ ဒါပေမဲ့ ပရတွေ စစ်ရအောင် စီစဉ်ထားတယ်'

တော်မီ၏ ထိုးလိုက်ဖ် စာအုပ် ကုမ္ပဏီရုံးသည် ကော့စဝေးဘေး ရပ်ကွက် ဟင်ဖတ်လမ်း၌ ရှိသည် ။ ကော့စဝေးဘေးဆိုသည် မှာ ရေကာတာကြီး၊ တာရိုးကြီးရှိသည့် ပင်လယ်ကွေ့ ရပ်ကွက်ကြီး တစ်ခုဖြစ်သည် ။ ယင်းမှာ မူလက မှ ည့်ခေါ်သည့် နာမည်ဖြစ်သည် ။

ပတ်ဝန်းကျင်မှာ တိတ်ဆိတ်နေသည် ။ ဓာတ်လှေကားတွင် အဆင်းအတက် မရှိ။ ကျွဲတော်တို့ သာ တက်မည့် သူ ရှိသည် ။ တိုင်းလိုက်ဖ်ရုံးခန်း သည် ချန်ရှန် အဆောက်အအုံ ခုနစ်ထပ်တွင် ရှိသည် ။ ရုံးခန်းရောက်လျှင် တော်မီမှာ သူ့ရုံးကို သူ့ဘာသာသူ သော့ဖွင့်ရသည် ။ ကျွန်တော်တို့ နှင့် အလုပ်လုပ်ရန် ရှိသဖြင့် ရုံးခန်းသော့ကို ယူထားဟန် တူသည် ။ ၁၀

နာရီခွဲမှ နေ့လယ် ၂ နာရီခွဲအထိ အလုပ် ထိုင်လုပ်ကြသည် ။ ကျွန်တော်တို့ ပေးသည့် နောက်ဆုံးပြင်ချက်ကို သူတို့ ပြင်ပြီးကြောင်း ပြသည် ။ ကျွန်တော်တို့ က စစ်ဆေးသည် ။ အစက်အပြောက်များ စင်မစင် မသိရသေး။ စက်ပေါ်ရောက်မှ သာ သိရမည်။ ကျွန်တော်တို့ ကြည့်ရသည် မှာ ပရူစာရွက် ပေါ်တွင် သာ ဖြစ်သည် ။

ဗိုက်ထဲမှ တဂွီဂွီ အော်မြည်လာသည် ။ ဆာလှပြီ။ တော်မီကလည်း ဖွဲ့ကောင်းသည် ။ စာအုပ် ၁၀ အုပ်ကို တစ်ခုပြီး တစ်ခုပြီး တစ်ခုစစ်ဆေးနေသည် ။ ပြီးတော့ လက်မှတ် ထိုးခိုင်းသည် ။ ကျွန်တော်နှင့် ကိုစိုးမြင့်မှာ တွင် တွင် သာ လက်မှတ်ထိုး နေရသည် ။ တစ်ခု ဟန်ကျတာရှိသည် ။ သွားခါ နီးမှ ပြင်ဆင်ချင်တာလေး တစ်ခု နှစ်ခု ပါလာသည် ။ ဒါလေး ပြင်ပေးပါ ဦးကျော်အောင်ဟု ဒေါ်စီလေးချိုက မှာ လိုက်သည် ။ ပြင်ပြီးသား ရိုက်ပြီးသား ပြင်ချက်သည် ကျွန်တော်နှင့် အတူ ပါလာသည် ။ အဲဒါလေးတွေ ပြင်ချင်ပါတယ်ဟု ထပ်မံအရေးဆိုသည် ။ အိုကေ ။ ပြင်ပေးပါမည်။

'အားလုံး ချောမောသွားပြီ ကိုစိုးမြင့်ရေ'

သို့သော် စာအုပ် ထွက်လာသည့် အခါ မျက်စိ လျှံတာတွေ ဘယ်လောက် ပါလေမည်မသိ။ မျက်စိပေါင်းများ စွာ အကြိမ်ပေါင်းများ စွာ စစ်ဆေးပြီးမှ တော့ ကျေနပ်ဖို့ သာ ရှိသည် မဟုတ်လား။

ကျွန်တော်တို့ ကား ဆာလှပြီ။ တစ်တိုက်လုံးတွင် ကျွန်တော်တို့ သုံးယောက်သာ ရှိသည် ။ အစည်းအဝေး ခန်းထဲတွင် ထိုင်ကာ အလုပ်လုပ်နေကြခြင်း ဖြစ်သည် ။ ဗိုက်ထဲကလည်း အော်မြည်နေပြီ။

'ခင်ဗျားတို့ ဆာလှပြီလား၊ ကျွန်တော် ရေယူခဲ့မယ်'

သေဟဲ့ နန္ဒိယ။ ဆာလို့ ရေတိုက်မလို့ တဲ့ ။

တော်မီမှာ သုံးဆယ့်ငါးနှစ်သာသာ လူငယ်လေး တစ်ယောက်ဖြစ်သည် ။ အလုပ်ကို စိုက်လိုက်မတ်တတ်လုပ်သည် ။ သူသည် တိုင်းလိုက်ဖ်စာအုပ်ကုမ္ပဏီ အာရှရုံးခွဲ၏ ထုတ်လုပ်ရေး မန်နေဂျာ ဖြစ်လေသည် ။ သူ့နာမည် အပြည့်အစုံမှာ တော်မီအင်း ဖြစ်သည် ။ သူ့လက်ထောက်မှာ စတီဖင်ဝေါင်ဖြစ်သည် ။ သူတို့ နာမည်များမှာ အင်္ဂလိပ်နာမည်များ သာ ဖြစ်သည် ။ မျိုးရိုးနာမည်မှာ တရုတ်ဖြစ်သည် ။ သူတို့ အပြင် တိုင်းလိုက်ဖ်က အခြား အမှုထမ်းအရာထမ်းများ ရှိသေးသည် ။ ဗင်နီဇီတို။ ကင့်ဝမ် ။ သူတို့ အကြီးအကဲမှာ ဗက်ဆီအောင်။ အင်္ဂလိပ် နာမည်မှ ည့်ခြင်းမှာ ဟောင်ကောင် တွင် အလွန်ခေတ်စားဟန် တူလေသည် ။

တော်မီသည် လူရိုးလူအေး ဖြစ်သည် ။ အလုပ်ကို ခင်တွယ်သည် ။ သူ့တာဝန်မှာ ထုတ်လုပ်ရေး မန်နေဂျာ ဖြစ်လေရာ သူထက်မြက်သလောက် တိုင်းလိုက်ဖ် လုပ်ငန်းကြီးထွားလာမည် ဖြစ်သည် ။

'ဦးကျော်အောင်တို့ ဆာကြရော့မယ်၊ အခုပဲ နေ့လယ်စာစားသွားကြမယ်၊ တခြား ဘာအကူအညီ လိုသလဲ၊ ဘာအလို ရှိသလဲ'

တော်မီက ဖိတ်ခေါ်သည် ။ အင်း တော်ပါသေးရဲ့ ။

ဘာမျှ မလိုချင်ပါ။ အကူအညီလည်း မလိုပါ။ လောလောဆယ်တွင်မူ အစားအသောက် အဆင်ပြေရေးသာ ဖြစ်သည် ။

တိုင်းလိုက်ဖ် ရုံးခန်းသည် စာအုပ်များ ဖြင့် ပြည့်နေသည် ။ စုံစမ်းရေး စားပွဲတွင် တဲလက်စက်သည် ချက်ချက်မြည်နေသည် ။ ရုံးပိတ်ထားသော်လည်း တဲလက် ကြေးနန်းများ ဝင်နေသည် ။ တော်မီက ဖတ်ကြည့်ပြီး တယ်လီဖုန်းကို ကောက်ကိုင်ကာ တစ်နေရာသို့ စကားပြောသည် ။

ကျွန်တော်က တစ်စုံတစ်ခုကို အမှတ်ရလာသည် ။ ကိုစိုးမြင့်နှင့် တိုင်

ပင်ကာ ကျွန်တော်တို့ မိတ်ဆွေ တစ်ယောက်ကို ရှာပေးရန် တော်မီ အကူအညီ လိုချင်သည် ။ သူ့ဖုန်းနံပါတ်ကိုမူ ကျွန်တော်တို့ မသိ။ သံရုံးရောက်လျှင်ကား သိနိုင်မည် ထင်သည် ။ သို့သော် မသေချာ။ သူအလုပ်လုပ်သည့် နေရာဌာနကို ကျွန်တော် သိသည် ။ ထို့ကြောင့် ထိုဌာနကို ညွှန်းကာ ရှာပေးပါ၊ အဆက်အသွယ် လုပ်ပေးပါ။ ကျွန်တော်တို့ လီဂါဒင်မှာ တည်းခိုနေကြောင်း ပြောပြပါဟု မှာ ကြားသည် ။ စိတ်ချပါ၊ သူ ရှာပေးပါ မည်ဟု ဆိုသည် ။

ထို့နောက် တိုင်းလိုက်ဖ် အလုပ်တိုက်မှ ထွက်လာခဲ့ကြသည် ။ ရုံးအောက်ရောက်လျှင် တော်မီက တက္ကစီ တစ်စီးကို တားသည် ။ သူတို့ ရုံးအောက်တွင် တက္ကစီတွေ ဥဒဟို ပြေးနေသည် ။ တစ်စီးပြီးတစ်စီး လာနေ ကြသည် ။ ကျွန်တော်တို့ သုံးယောက် တက္ကစီနှင့် ထွက်လာခဲ့ကြသည် ။

တက္ကစီသည် ကွေ့ကာ ဝိုက်ကာမောင်းရင်း ကျွန်တော်တို့ နေ့လယ်စာ စားကြမည့် ဆိုင်ရှေ့သို့ ရောက်လာသည် ။

'ဦးကျော်အောင်တို့ တည်းတဲ့ ဟိုတယ်ရှေ့မှာ ပဲ' ဟု တော်မီက ဆိုသည် ။

ကျွန်တော်တို့ မှာ မျက်စိလည်နေသည် ။ ကျွန်တော်တို့ ရှေ့တွင် လီဂါဒင် ဟိုတယ်ကို မြင်ရသည် ။ ယူနီဗာဆယ် စားသောက်ဆိုင်တွင် ကျွန်တော်တို့ စားကြမည် ဖြစ်သည် ။ ပထမထပ်သို့ ဓာတ်လှေကားဖြင့် တက်ခဲ့ကြသည် ။

'ဦးကျော်အောင် ဘာသောက်ကြမလဲ၊ ဘီယာသောက်မလား၊ မှာ ပါ'

'ဘီယာပဲ သောက်ကြတာပေ့ါ။ တော်မီရော ဘာသောက်မလဲ'

တော်မီက ခေါင်းခါသည် ။ သူ မသောက်တတ်ပါ။ အချိုရည်သာ သောက်မည်ဟု ဆိုသည် ။

စားသောက်ဆိုင်သည် ကျယ်ပြန့်သည် ။ ခမ်းနားသည် ။ ရောင်စုံ ရှန်ဟဲဝတ်စုံနှင့် မိန်းကလေးများ လူးလာခတ်နေသည် ။ ကျွန်တော်တို့ ရောက်ချိန်တွင် ဆိုင်မှာ လူပြည့်နေသည် ။ စနေနေ့ဖြစ်ရာ မိသားစုများ လာရောက် စားသောက်ကြဟန် တူသည် ။

ကျွန်တော်တို့ မှာ စားသောက်ဆိုင် အခြေအနေကို အရိပ်အကဲခတ်နေမိသည် ။ အသီးအရွက်ကြော် တစ်ပွဲ ရောက်လာသည် ။ ဘီယာတစ်ပုလင်း ကို နှစ်ယောက် မျှသောက်ကြသည် ။ ကျွန်တော်ကပင် ရှေ့ဆောင်ကာ ဆန်မစ်ဂယ်ဘီယာကို မှာ သည် ။ ဟောင်ကောင်တွင် ဆန်မစ်ဂယ်သည် နာမည်ကြီးသည် ။ ဖိလစ်ပိုင်မှာ လုပ်သည့် ဘီယာပင်ဖြစ်သည် ။ ယခုမူ ဟောင်ကောင်မှာ လာပြီး စက်တည်ကာ ထုတ်လုပ်နေပြီ ဖြစ်သည် ။

'နောက် ဘာ စားကြမလဲ၊ မှာ ပါ'

တော်မီက ဖိတ်ခေါ်သည် ။

ဝက်သားလုံးပြုတ် ရောက်လာသည် ။ ကျွန်တော်တို့ စားပွဲများအကြားတွင် လှည်းကလေးများ တွန်းကာ လူးလာခတ်နေကြသည့် စားစရာ တို့ ကို မှာ ရသည် ။

'ဒါက ဘာအစာ ဘာအမျိုးအစားလဲ'

တရုတ်အစားအစာမှာ ဒေသခွဲခြားပြီး အမျိုးအစားကွဲပြားသည် ။ ပီကင်းစာ၊ ရှန်ဟဲစာ၊ ချုံကင်းစာ စသည် ဖြင့် ကွဲပြားသည် ။

'အခု ကျွန်တော်တို့ စားကြတာက ကန်တုန်အစာပဲ၊ တောင်ပိုင်း တရ

တ်အစာလို့ ပြောရမလားပဲ၊ ချူချော အစာလို့ ခေါ်တယ်။ ပေါ့တယ်၊ အသီးအရွက်များ တယ်၊ ပင်လယ်အစားအစာက အဓိကပဲ'

တော်မီက ရှင်းပြသည် ။

'ဆာတယ်ဗျာ၊ တစ်ခုခု ဗိုက်ပြည့်တာ စားချင်တယ်'

ကျွန်တော်က တောင့်တသည် ။

'ထမင်းကြော် ရမလား မေးကြည့်ဗျာ၊ အဲဒါသာ မှာ ကြမယ်'

ကိုစိုးမြင့်မှာ လည်း ကျွန်တော့် နည်းတူ ဆာလှပြီ။ ဟိုဟာတို့ တို့ သည် ဟာတို့ တို့ မစားနိုင်။

ခဏကြာလျှင် ထမင်းကြော် ရောက်လာသည် ။ ဟင်းနုနယ်ရွက်ကြော်လည်း တစ်ပွဲ သီးခြားမှာ သည် ။ ဟင်းနုနယ်ရွက်ကြော်မှာ သဲအနည်း ငယ်ပါသည် ။ တော်မီက အဖိုးထိုက် အဖိုးတန် ကဏန်းပြုတ်ကြော် မှာ သည် ။ ကဏန်းလက်မကြီးမှာ ဧရာမအကြီးကြီး ဖြစ်သည် ။ အသားကို ထွင်ကာ စားရသည် ။

၄ နာရီတွင် ကျွန်တော်တို့ ဝိုင်းသိမ်းသည် ။

နက်ဖြန် အားလပ်ရက်။ သန်ဘက်ခါလည်း အားလပ်ရက်။ အင်္ဂါ နေ့မှ တွေ့ကြမယ်။ ၉ နာရီမှာ ဟိုတယ်ကို လာခေါ်မည်ဟု တော်မီက ချိန်းသည် ။ နက်ဖြန်မှာ တနင်္ဂနွေ ဖြစ်သည် ။ သန်ဘက်ခါ တနင်းလာနေ့မှ လေ့လော့ပွဲ အခါကြီးရက်ကြီးဖြစ်သည် ။ ဟောင်ကောင်၏ အစိုးရရုံးပိတ်ရက်တွင် ပါဝင်သည် ။ နဂါးခေါင်းလှေပြိုင်ပွဲ ဖြစ်သည် ဆိုသည် ။

ယူနီဗာဆယ်မှ ကျွန်တော်တို့ သုံးယောက် ဆင်းလာခဲ့ကြသည် ။ တော်မီသည် ကျွန်တော်တို့ အား ဟိုတယ်အဝသို့ ပို့ပြီးနောက် တက္ကစီ တစ်စီးခေါ်ကာ ထွက်သွားသည် ။

ယူနီဗာဆယ်တွင် ကျသမျှကို တော်မီက ရှင်းသွားသည် ။ လက်ငင်းငွေမချေ။ သူ့တွင် ကရက်ဒစ်ကတ်ခေါ် ချက်လက်မှတ်လေးတစ်ခုပါလာသည် ။ ထိုကတ်ပြားဖြင့် ကျသမျှငွေကို လက်မှတ်ထိုးကာ ချေသည် ။ ထို ကတ်ပြား နံပါတ်အရ သူသွင်းထားသည့် ငွေကို သူ၏ ဘဏ်စာရင်းမှ ထုတ်ယူရန်ပင် ဖြစ်သည် ။ သူတို့ ဆီမှာ ဤစနစ်များ ခေတ်စားနေသည် ။ အိတ်ထဲမှာ ငွေစက္ကူတွေ တစ်ထပ်ကြီး သယ်စရာမလို။ ချက်စာအုပ်လည်း ဆောင်စရာမလို့ ။ ကတ်ပြားလေး တစ်ခုတည်းသာ ဆောင်ရန် လိုသည် ။ ယင်းဖြင့် ငွေချေသည့် သဘောပင်ဖြစ်သည် ။

ကျွန်တော်တို့ နှစ်ယောက် ဟိုတယ်သို့ ပြန်လာကာ အပန်းဖြေရန်ပင် ဖြစ်သည် ။ ညနေ အစီအစဉ်ကို ပြီးမှ ရေးဆွဲရမည်။ သံရုံးမှ ကိုခင်မောင်ကြီး လာမည်ဟု မနေ့ညက ပြောသွားသည် ။ သူ့ကိုပင် မျှော်ရန် သာ ရှိတော့သည် ။

အပြင်ဘက်၌ အိုက်စပ်ပူလောင်သည် ။ ဟိုတယ်ထဲ ရောက်လျှင် အေးစိမ့် သွားသည် ။ ကျွန်တော်တို့ သည် အဝင်အထွက် မကျင်လည်သေး။ ဟိုတယ် ကောင်တာတွင် သော့တောင်းကာ ၁၆ ထပ်သို့ တက်ခဲ့သည် ။ အခန်းများ အကြား စင်္ကြံမှာ နွေးထွေးသည် ။ မီးရောင်လဲ့လဲ့လေး လင်းနေသည် ။ အဝင်အထွက် အသွားအလာများ နေချိန် ဖြစ်သည် ။

'ကဲ…ဦးကျော်အောင်ရေ၊ ဦးခင်မောင်ကြီးကို စောင့်ဖို့ ပဲ ရှိတယ်။ ကျွန်တော်တို့ ဘာသာတော့ ဘာမှ လုပ်တတ် ကိုင်တတ်မှာ မဟုတ်ဘူး '

အခန်းထဲ ရောက်သွားလျှင် စိမ့်တက်လာသည် ။ အအေးဓာတ်မှာ ပိုကဲလာသည် ။ လေအေးစက်ကို အမြင့်ဆုံးသို့ ဖွင့်ထားသည် ။ ခုတင်တွင် အိပ်ရာခင်း ခေါင်းအုံးစွပ် အသစ်လဲပြီး ဖြစ်နေသည် ။ ရေချိုးခန်းထဲမှာ

လည်း မျက်နှာသုတ်ပဝါ အသစ်များ လဲပြီးပြီ။ ထူးခြားချက်တစ်ခုတွေ့ရသည် ။ ယင်းမှာ စားပွဲပေါ်တွင် ပလတ်စတစ်ဖဲကြိုးဖြင့် စည်းထားသည့် စက္ကူဘူးလေး တစ်ခု ရောက်နေခြင်းပင် ဖြစ်သည် ။ ကတ်ပြားလေး တစ်ခု ကိုလည်း တွေ့ရသည် ။ ဖွင့်ကြည့်လိုက်လျှင် ကိတ်မုန့် ဆယ့်နှစ်တုံးခန့် အစီအရီရှိနေသည် ။ ကတ်ပြားက ဤသို့ဆိုသည် ။

လီဂါဒင် ဟိုတယ်မှာ လာရောက် တည်းခိုတဲ့ အတွက် ကျေးဇူးတင်ပါတယ်။ ဝမ်းပန်းတသာ ကြိုဆိုပါတယ်။ ကျွန်တော်တို့ နဲ့ တကွ ဟိုတယ် အမှုထမ်း အားလုံးဟာ လူကြီးမင်းတို့ အလိုကျ ဆောင်ရွက်ပေးဖို့ အသင့်ပါပဲ။ ကျွန်တော်တို့ ဟိုတယ်မှာ တည်းခိုတဲ့ ရက်အတွင်း စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ရှိပါစေလို့ ဆန္ဒပြုပါတယ်။ ကျွန်တော်တို့ ဘက်က အတတ်နိုင်ဆုံး ပြုစုဖို့ အသင့်ရှိနေပါတယ်။

**ဆင်ရှင်**
**ဒါရိုက်တာနှင့် အထွေထွေ မန်နေဂျာ**
**လီဂါဒင် ဟိုတယ်**

ကိတ်မုန့်တစ်ခုကို ယူပြီးစားကြည့်သည် ။ သူတို့ စိတ်ကူးကောင်းပေစွ။ လုပ်ငန်းအပြိုင်အဆိုင်တွေများ နေသည့် ဟောင်ကောင်လိုဒေသတွင် ကြော်ငြာနည်းမျိုးစုံဖြင့် မိမိတို့ လုပ်ငန်း စည်ပင်ဖွံ့ဖြိုးအောင်လုပ်ကိုင်နေကြ ပုံမှာ အားကျစရာ ကောင်းလှသည် ။

'ကဲဗျာ ကိုခင်မောင်ကြီးကို ဖုန်းဆက်ကြည့်မယ်'

ကိုခင်မောင်ကြီးက ဖုန်းဆက်နည်းကို ညွှန်းသွားသည် ။ တော်မီ ကလည်း သင်ကြားပေးသွားသည် ။

ဟောင်ကောင်တွင် တယ်လီဖုန်းလိုင်း သုံးခုရှိသည် ။ ဟောင်ကောင်၊ ကောင်လွှန်းနှင့် နယ်သစ် (နယူးတယ်ရီတိုရီ)တို့ ဖြစ်သည် ။ ဟောင်ကောင် ဖုန်းနံပါတ်ရှေ့တွင် ၅ ဂဏန်းရှိပြီး ကောင်လွှန်း ဖုန်းနံပါတ်ရှေ့

တွင် ၃ ဂဏန်း ရှိသည် ။ နယ်သစ်ဖုန်းနံပါတ်ရှေ့တွင် ၀(သုည)ရှိသည် ။ ဟောင်ကောင်မှ ကောင်လွန်းကို ဆက်လျှင် ၃ ဂဏန်းကို ပထမဆုံး လှည့်ရသည် ။ ဟောင်ကောင်နှင့် ဟောင်ကောင်ချင်းဆိုလျှင် ရှေ့က ဂဏန်းကို လှည့်စရာမလို။

ကိုခင်မောင်ကြီးကို ဖုန်းဆက်ပြီး ခေါ်သည် ။ ရွှေကြက် ပဲကြီးလှော်တွေလည်း ရှိနေသည် ။ ဆေးပေါ့လိပ်တွေလည်း ကျွန်တော်တို့ နှင့် အတူ ပါလာသည် ။ ခဏကြာလျှင် ကိုခင်မောင်ကြီး ရောက်လာသည် ။ သူတို့ မှာ လည်း နည်းနည်းနှင့် ကျဲကျဲ ဝိုင်းနေရသည် ။ အလုပ်က အလွန်များ သည် ။ စနေ၊ တနင်္ဂနွေပင် မအားရ။

'ကိုခင်မောင်ကြီးက ဘယ်အရပ်သားလဲ'

'ဝါးခယ်မကပါ ခင်ဗျာ'

'ဆွေကြီးမျိုးကြီး ထဲကလား'

'မဟုတ်ပါဘူး ခင်ဗျာ'

ကိုခင်မောင်ကြီးမှာ ရိုးသည် ။ နှုတ်ခမ်းမွေးရေးရေးနှင့် ဖြစ်သည် ။

ပြတ်ပြတ်သားသား ပြောတတ်သည် ။ နိုင်ငံခြားရေးရုံးသို့ ဝင်သည်မှာ ဆယ်နှစ်ကျော်ပြီ။

'ဦးကျော်အောင်တို့ စားရေး၊ သောက်ရေး၊ ဖြေရှင်းပေးဖို့ အနီး ပတ်ဝန်းကျင်မှာ ကျွန်တော် ပြပေးမယ်'

ကိုစိုးမြင့်ကို ထားခဲ့ကာ ကျွန်တော်နှင့် ကိုခင်မောင်ကြီးတို့ ဟိုတယ်မှ ဆင်းလာခဲ့ကြသည် ။

မနက်က ကျွန်တော်တို့ ကော်ဖီသောက်ရန် သွားသည့် လမ်းကလေး

အတိုင်း အဆုံးသို့ သွားသည် ။

မှောင်ရီပျိုးနေပြီ။ မီးရောင်စုံ လက်နေသည် ။ ရန်ကုန်မြို့လယ်က တရုတ်တန်း ရောက်နေသလား အောက်မေ့ရသည် ။ လူတွေ ဥဒဟိုများလာနေသည် ။ အကြော်အလှော်နှံ့ သင်းနေသည် ။ လမ်းဘေးဈေးဆိုင်တွေ အစုံအညီ ခင်းကျင်းနေပြီ။ အဝတ်အထည်ဆိုင်၊ သစ်သီးဆိုင်၊ အစားအသောက်ဆိုင်၊ ဆိုင်မျိုး စုံလှသည် ။ ခေါင်းရွက်ဗျပ်ထိုးဈေးသည်တွေ များ လှသလို ထင်မိသည် ။ အလျင်တစ်ခေါက်က ကိုခင်မောင်ထက်နှင့် အတူ လျှောက်လာခဲ့သည့် နေရာများ ဖြစ်ဟန်တူသည် ။

ကျွန်တော်နှင့် ကိုခင်မောင်ကြီးတို့ သည် လမ်းထောင့်ဆိုင်တစ်ခုတွင် ရပ်နားသည် ။ ရန်ကုန်မြို့လယ် စဥ့်အိုးတန်းထိပ်က ရွှေငါးဘဲကင်ဆိုင်တွင် ဘဲကင်ခုတ်နေသည့် တရုတ်ကြီးကိုမျက်စိထဲမှာ မြင်ယောင်လာသည် ။ ကိုခင်မောင်ကြီးက တရုတ်စကား အနည်းငယ်ပြောတတ်သည် ။ ဘဲကင်၊ ကြက်ကင်၊ အခေါက်ကင်၊ အသားကင်တို့ ကို ဝယ်သည် ။ အားလုံးမှ ဟောင်ကောင် ဒေါ်လာ ၂ဝ သာ ကျသည် ။ မြန်မာငွေ ကျပ် ၂၀ ဖိုးသာ ဖြစ်သည် ။ ဈေးနှုန်း သင့်တင့်ပါ၏။

'ကိုခင်မောင်ကြီးရေ ခုမှ ကိုယ့်ပြည် ကိုယ့်ရွာ ပြန်ရောက်နေ သလား ။ အောက်မေ့မရတယ်'

ကိုခင်မောင်ကြီးက ပြုံးသည် ။

ကိုစိုးမြင့် စောင့်နေမည် ဖြစ်သဖြင့် မြန်မြန် ပြန်ခဲ့သည် ။

အခန်းထဲတွင် ကိုစိုးမြင့်မှာ ဆန်မ်မ်စ်ဂယ် ဘီယာနှင့် အကျသား ငြိမ့်နေသည် ။

'ကျွန်တော်တော့ မနေနိုင်လို့ ဘီယာတစ်ဗူးဖောက်ပြီး ဦးကျော်

အောင်ရေ၊ ခင်ဗျား မီနီဘားကိုသာ ဖွင့်ပေတော့'

'စားသုံးသူ ဆန္ဒနဲ့ ညှိနှိုင်းပြီးပြီနဲ့ တူတယ်'

ကျွန်တော့်မှာ မီနီဘား အတွေ့အကြုံရှိသည် ။ ၁၉၇၇ နိုဝင်ဘာလ ဆန်းတွင် ဂျပန်မှ ပြန်လာစဉ် ဘန်ကောက်၌ တစ်ထောက်နားသည် ။ မြို့လယ်က မွန်တီယင်ဟိုတယ်မှာ တည်းရသည် ။ မွန်တီယင်မှာ ဘန်ကောက်တွင် နာမည်ကြီး ပထမတန်းစား ဟိုတယ်တစ်ခုဖြစ်သည် ။ အခန်းထဲမှာ မီနီဘားလေး ထည့်ပေးထားသည် ။ သောက်ချင်တာသောက် ။ ဟိုတယ်က ဆင်းလျှင်ကျသမျှ ရှင်းခဲ့။ သို့သော် ဈေးက အဆမတန်ကြီးသည် ။

ယခုလည်း ကျွန်တော်တို့ အခန်းထဲက မီနီဘား (ခေါ်) အရက် ဆိုင်ကလေးသည် ကျွန်တော်တို့ နှစ်ယောက်ကို မျက်စပစ်နေသည် မှာ ကြာပြီ။

'ဦးစိုးမြင့်တို့ အဲဒါကို သွားမတို့ နဲ့ နော်၊ ဈေးကြီးတယ်'

ကိုခင်မောင်ကြီးက သတိပေးသည် ။

ကျွန်တော်တို့ အခန်းထဲမှာ ဟိုတယ်က အရက်ဆိုင်လေးတစ်ခု ဖွင့်ပေးထားခြင်း ဖြစ်သည် ။ ဗီရိုကလေးထဲ၌ ရေခဲသေတ္တာလေး တစ်လုံး ရှိသည် ။ ရေခဲတုံးလေးတွေ ရှိသည် ။ အထဲတွင် ဘီယာသံဘူး ၆ လုံး၊ ဆန်မစ်ဂယ်၊ ကားစဗတ်၊ ဟင်နီကင်၊ တောနစ်ဝါးတား သံဘူး ၂လုံး၊ ဆဲဗင်းအပ် ၂ လုံး၊ ကိုကာကိုလာ ၂ လုံး၊ ဗာဒံစေ့ အိတ် ၂ ခု ထည့် ပေးထားသည် ။ ရေခဲသေတ္တာလေးပေါ်တွင် ပုလင်းငယ်လေးများ တန်းစီနေသည် ။ ဝီစကီ မျိုးစုံပါသည် ။ ဂျော်နီဝါကား၊ ဗိုက်လေဗယ်၊ ဗလက်လေဗယ်၊ ဒင်ပယ်ဟိတ်၊ ဂေါ်ဒွင်ဂျင်၊ ဗော့ဒဂါမာတဲ ကွန်းညက်။ ကိုယ့်အခန်းထဲမှာ သောက်ချင်တာ သောက်ရန် အဆင်သင့် ရှိနေသည့်

သဘောပင် ဖြစ်သည် ။ တစ်ခွက်စာပဲရှိသည် ။ ဈေးကတော့ ကြီးသည် ။ ဘီယာတစ်ဘူး ဟောင်ကောင် ၈ ဒေါ်လာ၊ ကိုကာကိုလာ ၆ ဒေါ်လာ၊ ဝီစကီ၊ မာတဲတစ်ပုလင်း ၂၂ ဒေါ်လာ၊ ဗာဒံစေ့ အိတ် ၆ ဒေါ်လာ။

'အေးလေဗျာ၊ အဆင်သင့် သောက်နေရမှ ပဲ၊ နောက်မှ ရှင်းကြ တာပေါ့'

'ဒီလိုလုပ် ဦးကျော်အောင်၊ စားစရာ သောက်စရာ ကိစ္စ ကျွန်တော် ပြပေးမယ်၊ လာဗျာ သွားကြမယ်'

ကိုခင်မောင်ကြီးက ခေါ်သည် ။

'နေဦးလေ၊ ဒီပဲကြီးလှော်တွေကို ခင်ဗျားတို့ သံမှူးပေးဖို့ ကိစ္စက ရှိသေးတယ်'

'အပြန်မှ ကျွန်တော် ယူသွားပ့ါမယ်၊ အဲ ခုမှ သတိရတယ်။ ဗိုလ်မှူးက ဦးကျော်အောင်တို့ နှစ်ယောက်ကို ထမင်း ကျွေးချင်တယ်။ နက်ဖြန်ဒါမှ မဟုတ် သန်ဘက်ခါ စီစဉ်မယ်တဲ့ '

အားနာစရာ ကောင်းလှသည် ။ သို့သော် ဧည့်ဝတ်ကျေအောင် ပြုစုချင်သည် မှာ သူတို့ စေတနာပင် ဖြစ်လေသည် ။

နက်ဖြန် သန်ဘက်ခါ နှစ်ရက် အားသည် ။ ဟောင်ကောင်အားလပ်ရက်ကို ဘယ်လို ကုန်လွန်ရမည်လဲ။

'လာ ဦးကျော်အောင် သွားကြမယ်'

ကျွန်တော်နှင့် ကိုခင်မောင်ကြီးတို့ နှစ်ယောက် စားရေးသောက်ရေး ဖြေရှင်းရန် ထွက်ခဲ့ကြသည် ။ ဟိုတယ် ပတ်ဝန်းကျင်တွင် ကုန်စုံဆိုင်များ ရှိသည် ။ စည်သွတ်ဘူးကအစ အလွယ်တကူ စားစရာတွေရှိသည် ။ ပေါင်မုန့်၊ ကြက်ဥ၊ နွားနို့ အားလုံး အသင့်ရနိုင်သည် ။

အနည်းငယ် မှောင်စပြုနေသဖြင့် မီးများ ထိန်လင်းနေသည် ။ ရာသီဥတုမှာ ကောင်းသည် ။ ဟိုတယ်က ထွက်လိုက်တော့ အိုက်စပ်စပ် ဖြစ်လာသည် ။ ဟိုတယ်ရှေ့က စကြ်ံအတိုင်း ဝဲဘက်သို့ လျှောက်ကာ လမ်းဖြတ်ကူးကြသည် ။ ပြီးတော့ တံခါးဝတစ်ခု၌ ရပ်သည် ။ အောက်သို့ ဆင်းသည့် လှေကားအတိုင်း ဆင်းခဲ့ကြသည် ။

'မှတ်ထားနော် ဦးကျော်အောင်၊ ဟောဒီ လှေကားအတိုင်းဆင်းရင် ဆိုင်ထဲ တန်းရောက်တယ်'

ဆိုင်နှင့် ဟိုတယ်မှာ တစ်လမ်းသာ ခြားသည် ။ မြေညီအောက် ထပ်တွင် ဆိုင်ခန်းတည်ထားခြင်း ဖြစ်သည် ။ ကျွန်တော်တို့ ဝင်ကြသည့် ဆိုင်မှာ ပါကင် ကုန်စုံဆိုင် ဖြစ်လေသည် ။ ပါကင်၊ ဝပ်ဆင်၊ ဝဲလကမ်း၊ ဆင်ဆီယာ၊ ဆဲဗင်းအလဲဗင်း၊ ဝင်းအွန်း စသည့် ကုန်စုံဆိုင်ကုန်ပဒေသာ ဆိုင်များ အမျိုးစုံလှသည် ။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ပဲ လိုတာ အကုန် ရနိုင်သည် ။

'ကဲ ဘာဝယ်ကြမလဲ'

စင်ပေါ်တွင် တင်သည့် ပစ္စည်းများ အမျိုးပေါင်း စုံသည် ။ စည် သွတ်ဘူး အမျိုးမျိုး၊ ဝက်သားလုံး၊ ကြက်ခြေထောက်၊ ငါးသေတ္တာ၊ ကမာ၊ ထောပတ်၊ ယိုမျိုးစုံ၊ ကော်ဖီ၊ ဟောလစ်၊ မိုင်လို။ ပြီးတော့ ရေခဲသေတ္တာတွေထဲမှာ သားငါးအမျိုးစုံ ထုပ်ပြီး သန့်စင်ပြီး အသီးအရွက်မျိုးစုံ၊ ပန်းသီး၊ စပျစ်သီး၊ ဒိန်ခဲအမျိုးမျိုး၊ နို့မှုန့်၊ သကြားအိတ်၊ မြေပဲကြော်အိတ်၊ ဗာဒံစေ့အိတ်၊ အာလူးကြော် အထုပ်လိုက်၊ ဘူးလိုက်၊ ချောကလက် မျိုးစုံ ၊ ဘီယာမျိုးစုံ၊ အရက်မျိုးစုံ၊ ပေါင်မုန့်၊ ကိတ်မုန့်၊ ဖျော်ရည်မျိုးစုံ။

'ဦးကျော်အောင်တို့ အခန်းထဲက ဘီယာက ရှစ်ဒေါ်လာနော်။ အခု ဟောဒီမှာ တစ်ဒေါ်လာနဲ့ ပြားရှစ်ဆယ်'

'အဲ ဟုတ်ပြီ'

ယခုမှာ ပင် စားသုံးသူများ ၏ အလိုဆန္ဒနှင့် ကိုက်ညီသည့် ပစ္စည်းကို တွေ့ရပြီ။ မီနီဘားထဲက ဘီယာကို ရှစ်ဒေါ်လာ ပေးပြီး မသောက်နိုင်။ သူဌေးသားတွေ မဟုတ်။ ယခု တစ်ဘူးမှ တစ်ဒေါ်လာ ဆင့်ရှစ်ဆယ်သာ ပေးရသည်။

မနက်စာ ဖြေရှင်းပေးမည့် စားစရာများကို ခြင်းလေးတစ်ခုတွင် ထည့်ကာ လက်တွန်းလှည်းလေး တစ်ခုဖြင့် ဆိုင်ထဲ လှည့်သည်။ အမဲသားဘူး၊ ငါးသေတ္တာ၊ ကမာ၊ နို့မှုန့်၊ သကြား၊ ကော်ဖီပြီးတော့ မားမလိတ်ယို၊ ဒိန်ခဲအတုံးလိုက် တစ်ခု၊ ပန်းသီး၊ စပျစ်သီး ပြီးတော့ ဆန်မစ်ဂယ် ဘီယာ ၆ ဘူး။ ဟိုတယ်ရောက်တော့ မီနီဘားထဲက အေးစက်နေသည့် ဆန်မစ် ဂယ် တစ်ဘူး ထုတ်လိုက်။ ကိုယ်ဝယ်လာသည့် တစ်ဘူးကို အစားထည့် လိုက်။ အတော်လေး ဟန်ကျသည့် အစီအစဉ်ပေတည်း။

ရိက္ခာအပြည့်အစုံဝယ်ကာ ကျွန်တော်တို့ ပြန်လာခဲ့ကြသည်။ ကိုခင်မောင်ကြီး ကိုစိုးမြင့်နှင့် ကျွန်တော်တို့ သုံးယောက် ကြက်ကင်၊ ဘဲကင် စားရင်း ဘီယာ သောက်ကြသည်။ ဘဲကင်မှာ နူးညံ့သည်။ ကြက်ကင်က ပိုကောင်းသည်။ ဟောင်ကောင်မှာ ဘဲကင်ကောင်းကောင်း မစားရလျှင် ရာဇဝင်ရိုင်းလိမ့်မည် ထင်သည်။ သို့သော် လက်ညှိုးထိုးပြီး ဝယ်ချင်တိုင်း ဝယ်လို့ မရသည့် အဖြစ်နှင့် ကြုံရသည် တို့ ရှိသေးသည်။

'အဲဒီ ဆိုင်တန်းကိုသာ မှတ်ထားပေတော့ ဦးကျော်အောင်' ကိုခင်မောင်ကြီးက မှာ ကြားကာ ရွှေကြက်ပဲကြီးလှော်များကို ယူပြီးပြန် သွားသည်။ သူ့အိမ်မှာ ကျွန်တော်တို့ ဟိုတယ်နှင့် နီးသည်။ တစ်နေ့တွင် ပြထားပါမည်ဟု ဆိုသည်။ စာရေးအိမ်၊ သောက်ရေးအိမ် တစ်ခု တိုးလာသဖြင့် ဝမ်းသာမိသည်။ နက်ဖြန် မနက်အတွက်ကား မပူရတော့ပြီ။

စားစရာ အသင့်ရှိနေသည် မဟုတ်လား။

***